# မာတိကာ


| | | |
|---|---|---|
| | ပေါင်းစည်းသုံးသပ်ထင်ဟပ်ခြင်းစာတမ်းတွဲများ | ၁ |
| | သိရှိစေရန် | ၂ |
| | အတိုကောက်အခေါ်အဝေါ်များ | ၃ |
| | မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုနားလည်ခြင်း- အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ | ၆ |
| ၁။ | မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခရှိ အပစ်အခတ် ရပ်စဲရေးများ၏နောက်ခံအကျဉ်းချုပ် | ၉ |
| ၂။ | မြန်မာနိုင်ငံ၏ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်ကို နားလည်ခြင်း | ၁၇ |
| ၃။ | လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်အရ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ | ၂၆ |
| ၄။ | အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကို အကောင် အထည်ဖော်ခြင်းနှင့်စိန်ခေါ်မှုများကိုဖြေရှင်းခြင်း | ၃၁ |
| ၅။ | ရှေ့ဆက်ရမည့်ခရီး | ၃၈ |
| ၆။ | အကြံပြုချက်များ | ၄၂ |


**ဇယားကွက်များ၏ စာရင်း**


| | |
|---|---|
| ယခင်အကြိမ်များနှင့်ယခုအကြိမ် အပစ်အခတ်ရပ်စဲရေးများတွင် ပါဝင်သောလက်နက်ကိုင်အဖွဲ့များအကျဉ်းချုပ် | ၁၆ |
| မြန်မာအစိုးရ၏ငြိမ်းချမ်းရေးဖြစ်စဉ် အဖွဲ့အစည်းဆိုင်ရာ ဖွဲ့စည်းပုံ | ၂၃ |
| ၂၀၁၁ မတိုင်မီနှင့် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်ကြား အဓိကကျသော ကွာခြားချက်များ | ၂၅ |
| မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်သစ်ရှိ ငြိမ်းချမ်းရေးသဘောတူညီချက်များ အကျဉ်းချုပ်သုံးသပ်ချက် | ၂၉ |
| အပစ်အခတ်ရပ်စဲရေးကာလအတွင်း ပဋိပက္ခကိုခံစားရသည့်တိုင်းဒေသကြီးများ နှင့်ပြည်နယ်များတွင်ဖြစ်ပွားသည့် တိုက်ပွဲအရေအတွက်အကျဉ်းချုပ် | ၃၄ |
| နောက်ဆက်တွဲ ၁ | ၄၃ |

# ပေါင်းစည်းသုံးသပ်ထင်ဟပ်ခြင်းစာစဉ်တွဲများ

မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုနားလည်ခြင်း-အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်များဆိုသည့် စာတမ်းသည် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ ပြည်တွင်းအဖွဲ့အစည်းများ ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များ၏ မျက်နှာစာများအပေါ် ပြန်လည်သုံးသပ်ထင် ဟပ်ထားသည့် စာတမ်းတွဲများအနက် ဒုတိယမြောက်စာတမ်း ဖြစ်သည်။ စာတမ်းတွဲအသီးသီးတွင် ကျား/မ ကွဲပြားမှုလေ့လာသုံးသပ်မှု၏ အရေးကြီးပုံ၊ အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်၏ ရှုပ်ထွေးပုံနှင့် လက်ရှိငြိမ်းချမ်းရေး အားထုတ်မှုများတွင် ပြည်သူလူထုပါဝင်မှု လိုအပ်ပုံတို့ကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ မျက်နှာစာ အသီးသီးအား နက်ရှိုင်းသော လေ့လာသုံးသပ်မှုတစ်ရပ်ပြုလုပ်ခြင်းဖြစ်သည်။

နှစ်ပေါင်း ၆၀ ကျော် ပဋိပက္ခများဖြစ်ပွားပြီးနောက် မြန်မာအစိုးရနှင့် လက်နက်ကိုင်အဖွဲ့များ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိသည့် ယခုအချိန်၌ မြန်မာနိုင်ငံရှိ အဖွဲ့များကြား ဆွေးနွေးပွဲလုပ်ငန်းစဉ်များအပေါ် ပေါင်းစည်းသုံးသပ်ထင်ဟပ်ခြင်းဟု ခေါင်းစဉ်ပေးထားသည့် ယင်းစာတမ်းတွဲများသည် တိုင်းပြည်၏ရှုပ်ထွေးမှုနှင့် အလျင်အမြန်ရွေ့နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမိုကောင်းမွန်စွာနားလည်ရန်အလို့ငှာ ယင်းမျက်နှာစာများကို မှတ်တမ်းတင်ရန် အရေးတကြီးလိုအပ်မှုကို ဖြေရှင်းပေးသည်။

စာတမ်းရှင်များသည် လက်တွေ့တွင် ၎င်းတို့၏တိုက်ရိုက် ပါဝင်ပက်သက်မှုအပေါ် အခြေခံပြီး သက်ဆိုင်ရာ အကြောင်းအရာများတွင် ကျွမ်းကျင်မှုရှိသည့် မြန်မာလူမျိုးများ ဖြစ်ကြသည်။ ၎င်းတို့၏ သုတေသနများနှင့် လေ့လာသုံးသပ်မှုများသည် လုပ်ငန်းစဉ် တွင်ပါဝင်လှုပ်ရှားကြသည့် အခြားသူများ၊ ပိုမို ကျယ်ပြန့်သော မြန်မာအသိုင်းအဝိုင်းနှင့် အထောက်အပံ့ပြုရေး အခန်းကဏ္ဍရှိ နိုင်ငံတကာမှ ပါဝင်လှုပ်ရှားကြသူများကို တိုက်ရိုက်ပြောဆိုခြင်းဖြစ်သည်။ ယင်းပေါင်းစည်းသုံးသပ်သည့် စာတမ်းတွဲများသည် လက်ရှိပြည်တွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးကြိုးပမ်းမှုများကို အထောက်အပံ့ပြုရန် ဆွေးနွေးမှုများနှင့် စဉ်းစားစရာများ ပိုမိုရရှိမည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

# သိရှိစေရန်

ယခုစာတမ်းကို မင်းဇော်ဦး၏ ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် ရေးသားခဲ့ခြင်းဖြစ်သည်။ ယခုစာတမ်းတွင် ဖော်ပြထားသည့် ရှုမြင်သုံးသပ်ချက်များမှာ စာတမ်းရှင်၏ ကိုယ်ပိုင်အမြင်များသာဖြစ်ပြီး မြန်မာနိုင်ငံငြိမ်းချမ်းရေးပြည်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန သို့မဟုတ် မြန်မာအစိုးရ၏အမြင်ကို ထင်ဟပ်ခြင်းမရှိပါ။

# ACRONYMS

| | |
|---|---|
| AA | Arakan Army |
| ABSDF | All Burma Student's Democratic Front |
| ALP | Arakan Liberation Party |
| AMRDP | All Mon Region Democracy Party |
| ANC | Arakan National Council |
| BGF | Border Guard Force |
| BSPP | Burma Socialist Program Party |
| CAN | Chin National Party |
| CBOs | Community Based Organizations |
| CNF | Chin National Front |
| CSOs | Civil Society Organizations |
| DAB | Democratic Alliance of Burma |
| DDR | Disarmament, Demobilization & Reintegration |
| DKBA | Democratic Karen Buddhist Army |
| DKBA-5 | DKBA 5/Klo Htoo Baw Battalion |
| DPA | Democratic Party for Arakan (Democratic Karen Benevolent Army) |
| DPNS | Democratic Party for New Society |
| EBO | Euro-Burma Office |
| ENC | Ethnic Nationalties Council |
| GOC | Government of Chinland |
| HRP | Hangsawati Restoration Party |
| IDP | Internally Displaced Persons |
| IPSG | International Peace Support Group |
| KDA | Kachin Defense Army |
| KIA/KIO | Kachin Independence Army/Organization |
| KKO | Klo Htoo Baw Karen Organization |
| KNDP/A Army | Karenni National Development Party/ |
| KNDO | Karen National Defense Army |
| KNG | Kayan National Guard |
| KNLA | Karen National Liberation Army |

# ACRONYMS

| | |
|---|---|
| KNLP | Kayan National Liberation Army |
| KNO | Kachin National Organization |
| KNPLF | Karenni State Nationalities Peoples' vLiberation Front |
| KNPP | Karenni National Progressive Party |
| KNU | Karen National Union |
| KNU | KNU Special Region Group Toungoo |
| KNU/KNLA (PC) | Karen National Union/Karen National Liberation Army (Peace Council) |
| KNUSO | Karenni National Unity & Solidarity Organization |
| KPF | Karen Peace Force |
| KSDDP | Kayin State Democracy & Development Party |
| LDU | Lahu Democratic Union |
| MNDA | Mon National Defense Force |
| MNDAA | Myanmar National Democratic Alliance Army |
| MPC | Myanmar Peace Center |
| MSA | Military Security Affairs |
| MPSI | Myanmar Peace Support Initiative |
| NCCT Team | Nationwide Ceasefire Coordination |
| NDA | National Democratic Army |
| NDAA | National Democratic Alliance Army |
| NDA-K | New Democratic Army (Kachin) |
| NMSP | New Mon State Party |
| NSCN(K) | The National Socialist Council of Nagaland (Khaplang) |
| NUPA | National Uinted Party of Arakan |
| PDSG | Peace Donor Support Group |
| PMG/PMF | People's Militia Group/People's Militia Force |
| PNLO | Pa-Oh National Liberation Organization |

# ACRONYMS

| | |
|---|---|
| PSLA | Palaung State Liberation Army |
| PSLF | Palaung State Liberation Front |
| RCSS/SSA | Restoration Council of the Shan State/ Shan State Army |
| SLORC | State Law and Order Restoration Council |
| SPDC | State peace and Development Council |
| SNLD | Shan Nationalities League for Democracy |
| SSNA | Shan State National Army |
| SSPP/SSA | Shan State Progressive Party/Shan State Army |
| SSR | Security Sector Reform |
| TNLA | Ta’ang National Liberation Army |
| TNP | Ta’ang (Palaung) National Party |
| UNFC | United Nationalities Federal Council |
| UNLF | United National Liberation Front |
| UPCC | Union Peace Central Committee |
| UPWC | Union Peace-Making Work Committee |
| UWSA | United Wa State Army |
| WGEC | Working Group for Ethnic Coordination |
| WNO | Wa National Organization |
| ZRO | Zomi Reunification Organization |

# မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နားလည်ခြင်း – အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ

၂၀၁၁ နှစ်ဦးပိုင်းတွင် အစိုးရသစ်တက်လာကတည်းက မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် တိုင်းပြည်၏ နိုင်ငံရေးခေတ်သစ်တွင် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု၏ အခရာကျသည့် အစိတ်အပိုင်းတစ်ရပ် ဖြစ်လာခဲ့သည်။ 'ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သစ်' တစ်ခုကို အစိုးရက စတင်ဖော်ဆောင်ပြီးနောက် နှစ်နှစ်မပြည့်ခင်မှာပင် လက်နက်ကိုင်တပ်ဖွဲ့ ၁၄ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ရရှိခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံရှိလက်နက်ကိုင်တပ်ဖွဲ့ ၁၄ ဖွဲ့နှင့် လတ်တလော အပစ်အခတ်ရပ်စဲရေးမှာ အကဲဆတ်နေသည်ဟု ဝေဖန်သူများက သတိပေးနေချိန်တွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကိုချိုးဖောက်ပြီး တိုက်ပွဲများမြင့်တက်လာခြင်းကိုလည်း မီဒီယာများက အသားပေးဖော်ပြကြသည်။ မြန်မာနိုင်ငံ၏ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ မြန်မာ့အရေး လေ့လာသုံးသပ်သူနှင့် စောင့်ကြည့်လေ့လာသူအများစုအတွက် အသစ်ဖြစ်နေဆဲဖြစ်သည်။ ယခုစာတမ်းသည် အပစ်အခတ်ရပ်စဲရေးအကောင်အထည်ဖော်ခြင်းနှင့်ဆက်နွယ်သော စိန်ခေါ်မှုများ အပါအဝင် လတ်တလော အပစ်အခတ်ရပ်စဲရေးအနေအထားကို လက်လှမ်းမီစေရန်နှင့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှင်းလင်းပြရန် ရည်ရွယ်ခြင်းဖြစ်သည်။

ယခုစာတမ်း၏ ပထမပိုင်းတွင် ၁၉၈၉ မှ ၂၀၁၀ အထိ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို ယခင် တပ်မတော်အစိုးရက မည်သို့အကောင်အထည်ဖော်ခဲ့သည်ကို ရှင်းလင်းပြသခြင်းဖြစ်သည်။ အတိတ်ကာလက အကောင်အထည်ဖော်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးနည်းလမ်းများသည် မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအတွက် အသားကျနေခဲ့သည့် အလေ့အထများ ဖြစ်လာခဲ့ကြောင်း ယင်းအပိုင်းတွင် သုံးသပ်တင်ပြထားသည်။ ဤစာတမ်း၏ဒုတိယအပိုင်းသည် အစိုးရသစ်ကပြုလုပ်သည့် ပြုပြင်ပြောင်းလဲမှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သစ် မည်သို့ထွက်ပေါ်လာသနည်းဆိုသည်ကို ကောက်နုတ်ဖော်ပြထားသည်။ လတ်တလော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ၂၀၁၁ မတိုင်မီ အပစ်အခတ်ရပ်စဲရေးများမှ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေကြောင်း သုံးသပ်တင်ပြထားခြင်း ဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ဖွဲ့စည်းတည်ဆောက်ပုံအသစ်တွင် သက်ဆိုင်သူအားလုံးသည် မိမိတို့၏ အခန်းကဏ္ဍများကို ချိန်ညှိရန် လိုအပ်မည်ဖြစ်သည်။ တတိယအပိုင်းတွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အသစ်များမည်သို့ရရှိခဲ့သည်ကို ရှင်းလင်းပြသထားပြီး ယုံကြည်မှုတည်ဆောက်ခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အခရာကျသော အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်ဟု သုံးသပ်တင်ပြထားသည်။ စတုတ္ထ

အပိုင်းတွင် အပစ်အခတ်ရပ်စဲရေးသဘောတူချက်များ အကောင်အထည် ဖော်ခြင်းနှင့် ဆက်နွယ်သည့်စိန်ခေါ်မှုများကို ဆန်းစစ်ပြသထားသည်။ နောက်ဆုံးအပိုင်းတွင်မူ မြန်မာနိုင်ငံတွင် ဖော်ဆောင်နေဆဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များရှိ အပစ်အခတ်ရပ်စဲရေးကာလအလွန်အဆင့်များကို အလေးပေး ဖော်ပြထားသည်။

# ၁။ မြန်မာနိုင်ငံ၏လက်နက်ကိုင်ပဋိပက္ခဆိုင်ရာအပစ်အခတ်ရပ်စဲမှု လုပ်ငန်းစဉ်များ၏ နောက်ခံအကျဉ်းချုပ်

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များသည် မြန်မာနိုင်ငံအတွက် အသစ်အဆန်းမဟုတ်ပေ။ ၁၉၄၈ တွင် ဗြိတိသျှထံမှ တိုင်းပြည်လွတ်လပ်ရေးရပြီး တိုက်ခိုက်မှုများ စတင်ဖြစ်ပွားကတည်းက အစိုးရအဆက်ဆက်သည် အမျိုးမျိုးသောပုံစံဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းများစွာကို ဖော်ဆောင်ခဲ့သည့်တိုင် ယခု အချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများသည်လည်း နှစ်ပေါင်း ၆၀ ရှည်ကြာခဲ့ပြီဖြစ်သည်။ ၁၉၈၈ မတိုင်ခင်ကမူ ငြိမ်းချမ်းရေးဖော်ဆောင်မှုအားလုံး သည် အကန့်အသတ်ရှိသော အောင်မြင်မှုရလဒ်များသာ ရှိခဲ့သည်။ မြန်မာ့ဆို ရှယ်လစ်လမ်းစဉ်ပါတီ၏အုပ်ချုပ်မှုအောက်တွင် ထိုးစစ်များကြောင့် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားချိန်တွင် အပစ်အခတ်ရပ်စဲရေးမှာလည်း ကာလတိုတစ်ခုအတွင်း ပျက်ပြယ်သွားခဲ့သည်။ သို့သော်လည်း ၁၉၈၈ တွင် တပ်မတော်အစိုးရ အာဏာရလာပြီးနောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သစ်တစ်ခု ထွက်ပေါ်လာခဲ့သည်။ ၁၉၈၈ စက်တင်ဘာလတွင်ဖြစ်ပွားခဲ့သည့် တစ်တိုင်းပြည်လုံးလူထုအုံကြွမှုကို စစ်တပ်ဖြင့် နှိမ်နင်းပြီးနောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကောင်စီ(နဝတ)နာမည်ဖြင့် တပ်မတော်အစိုးရတစ်ရပ်သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ(မဆလ)နေရာကို အစားထိုး ဝင်လာခဲ့သည်။ နောက်ပိုင်းတွင် နဝတ ကိုနိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(နယက)အဖြစ် အမည်ပြောင်းခဲ့သည်။

တပ်မတော်အစိုးရသည် ၁၉၈၉မှစပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ခေတ်သစ်တစ်ခုကို ဖော်ဆောင်ခဲ့သည်။ အာဏာသိမ်းပြီးတစ်နှစ်အကြာတွင် ဗိုလ်ချုပ်ကြီးခင်ညွှန့် ဦးဆောင်သော တပ်မတော် ထောက်လှမ်းရေးအဖွဲ့သည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ[၁] ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တစ်ဖွဲ့ပြီး တစ်ဖွဲ့ စေ့စပ်ညှိနှိုင်းခဲ့သည်။ ၂၀၁၀ မတိုင်မီတွင် အမျိုးမျိုးသော နှုတ်ကတိသဘောတူညီချက်များဖြင့် အစိုးရနှင့် အဖွဲ့ပေါင်း ၄၀ ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များ ရရှိခဲ့သည်။ ယင်းကာလအတွင်း အစိုးရသည် ကချင်လွတ်မြောက်ရေးအဖွဲ့အစည်း (ကေအိုင်အို)[၂] မှလွဲ၍ အခြားမည်သည့်အဖွဲ့အစည်းနှင့်မျှ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ်ရပ်ကို တရားဝင်လက်မှတ် ရေးထိုးခြင်း မရှိခဲ့ပေ။ ထိုအချိန်က အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် နိုင်ငံနှစ်ခုကြားသာ လက်မှတ်ရေးထိုးရသည့်အတွက် ပြည်တွင်းပဋိပက္ခတစ်ခုတွင် အစိုးရမဟုတ်သောလက်နက်ကိုင်တပ်ဖွဲ့နှင့် အစိုးရတို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို တရားဝင်လက်မှတ်ရေးထိုးခြင်းသည် လိုအပ်သောအရာ

၁။ အချို့အဖွဲ့များသည် လုပ်ငန်းစဉ်စတင်ကတည်းက လက်နက်စွန့်ရန် သဘောတူခဲ့ကြပြီး အခြားအဖွဲ့များကမူ အစိုးရနှင့်အပစ်အခတ်ရပ်စဲရေး သဘောတူညီခဲ့က လက်နက်ကိုင်အဖွဲ့အဖြစ် ဆယ်စုနှစ်တစ်ခုကျော် ဆက်လက်ရပ်တည်ခဲ့ကြသည်။

၂။ယင်းကိုလက်မှတ်ရေးထိုးပြီးနောက် တရားဝင်သဘောတူညီချက်ကိုအများပြည်သူအားထုတ်ဖော်ပြသခြင်းမရှိဘဲလျှို့ဝှက်ထားရန် အစိုးရနှင့်ကေအိုင်အို နှစ်ဖက်စလုံးကသဘောတူခဲ့သည်။

၃။ ယင်းကာလအတွင်း အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်များနှင့် ရင်းနှီးကျွမ်းဝင်သည့် ထိပ်တန်းအရာရှိတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု။

မဟုတ်ဟု အစိုးရကယူဆခဲ့သည်။ ယင်းသို့ယူဆသည်မှာ ထိုစဉ်က လေ့လာစောင့်ကြည့်သူများစွာအတွက် မယုံကြည်နိုင်ဖွယ်ဖြစ်သော်လည်း တပ်မတော်၏ ခေါင်းဆောင်များစွာကမူ ထိုအမြင်ကို စွဲကိုင်ခဲ့ကြသည်။ တကယ်တမ်းတွင်လည်း တပ်မတော်ခေါင်းဆောင်အချို့သည် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပြည်တွင်းစစ်များနှင့် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခကြား ခွဲခြားနိုင်ရန် ကြိုးပမ်းနေကြဆဲဖြစ်သည်။ သို့တိုင် စာဖြင့်ရေးသားမထားသည့် အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်များကြောင့် လက်နက်ကိုင်အဖွဲ့များသည် လက်နက်များပြန်လည်ရရှိပြီး အချို့နယ်မြေများကိုပင် ထိန်းချုပ်ခွင့် ရရှိခဲ့သည်။ အဆိုပါအဖွဲ့များအား တပ်ဖွဲ့ဝင်စုဆောင်းခြင်းနှင့် လက်နက်များတိုးချဲ့တပ်ဆင်ခြင်းကို အစိုးရက နှုတ်ကတိသဘောတူညီချက်ဖြင့် ကန့်သတ်ထားစဉ် ၎င်းတို့အား စီးပွားရေးလုပ်ငန်းအထူးအခွင့်အရေးများ ပေးခဲ့သည်။ အထူးသဖြင့် ကျောက်စိမ်းတူးဖော်ခြင်း လုပ်ငန်းများ၊ သတ္တုတူးဖော်ထုတ်လုပ်ခြင်းနှင့် သစ်ထုတ်လုပ်ခြင်းကဲ့သို့ သဘာဝသယံဇာတ တူးဖော်ထုတ်ယူခြင်းလုပ်ငန်းများ ဖြစ်သည်။ အပြန်အလှန်အားဖြင့် အသွင်ကူးပြောင်းအစိုးရတစ်ရပ်အဖြစ်မျှသာ ရှိနေသည်ဟုဆိုသော အစိုးရအဖွဲ့နှင့် နိုင်ငံရေးဆွေးနွေးမှု မပြုလုပ်ရန် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များက သဘောတူခဲ့ကြသည်။ နိုင်ငံရေးအရ နောင်တက်လာမည့် အစိုးရနှင့်သာ နိုင်ငံရေးဆွေးနွေးမှု ပြုလုပ်သင့်သည်ဟု အစိုးရကပြောဆိုသည်။

တပ်မတော်အစိုးရသည် ယင်းအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကို လက်နက်ကိုင်တပ်ဖွဲ့ တစ်ဖွဲ့ချင်းနှင့်သာ သဘောတူညီချက်ရယူခဲ့ပြီး လက်နက်ကိုင်တပ်ဖွဲ့များစုပေါင်းပြီး ညွန့်ပေါင်းအဖွဲ့အနေဖြင့် ဆွေးနွေးညှိနှိုင်းရန်ကိုမူ ငြင်းဆိုခဲ့သည်။ ထိုအကြောင်းကြောင့် တပ်မတော်အစိုးရသည် မြောက်မြားစွာသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအပေါ် သွေးခွဲအုပ်ချုပ်သည့် နည်းဗျူဟာကိုကျင့်သုံးလျက်ရှိသည်ဟု စွပ်စွဲခံရသည်။ အခြားတစ်ဖက်တွင်လည်း မဟာမိတ်ပြုထားသည့် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များကြား အာဏာနိုင်ငံရေးမှာလည်း ညီညွတ်မှုမရှိဘဲ ဖရိုဖရဲ ဖြစ်ခဲ့ရသည်။ ၁၉၉၀ ပြည့်အစောပိုင်းတွင် အမျိုးသား ဒီမိုကရက်တစ်တပ်ဦး(NDF) နှင့် ဗမာ့ဒီမိုကရက်တစ်ညွန့်ပေါင်း(DAB) ကဲ့သို့သော တိုင်းရင်းသားလက်နက်ကိုင် မဟာမိတ်တစ်ဖွဲ့ချင်းစီသည် တပ်မတော်အစိုးရနှင့် နှစ်ဖက်သဘောတူ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များရယူရန် တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဆုံးဖြတ်ခဲ့ကြသည်။ DAB အတွင်း ကေအင်န်ယူ နှင့် ကေအိုင်အိုတို့ကြား ခေါင်းဆောင်မှု တိုက်ပွဲကြောင့် ညွန့်ပေါင်းအဖွဲ့မှ ကေအိုင်အိုက တစ်ဖတ်သတ် နုတ်ထွက်ခဲ့ရသည် အထိ ဖြစ်ခဲ့ရသည်။ အကျိုးဆက်အားဖြင့် ကေအိုင်အို သည် ၁၉၉၄ တွင် တပ်မတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၉၀ နယ်စပ်အခြေစိုက် ဒီမိုကရေစီလိုလားသည့် အတိုက်အခံများနှင့် တစည်းတလုံးတည်း စွဲမြဲစွာရပ်တည်ခဲ့သည့် ကေအင်န်ယူနှင့် ရှမ်းပြည်နယ်ပြည်လည်လွတ်မြောက်ရေးကောင်စီ (RSS)တို့သည်သာ တပ်မ တော်အစိုးရနှင့်

ဆက်လက်တိုက်ခိုက်နေသည့် အဓိကလက်နက်ကိုင်အဖွဲ့ အဖြစ်သာ ကျန်ခဲ့သည်။ ၁၉၄၈ တွင် ထကြွခဲ့သည့် လက်နက်ကိုင်ပုန်ကန်ခဲ့ကတည်းက ယင်းတိုင်းရင်းသားမဟာမိတ်များသည် မြန်မာ့အတိုက်အခံလှုပ်ရှားမှုတွင် သမိုင်းအရ ယင်းတို့၏စစ်ရေးနှင့်နိုင်ငံရေးလွှမ်းမိုးမှု ခိုင်ခိုင်မာမာ မရှိခဲ့ပေ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြားတွင်လည်း ပိုမိုခိုင်မာပြီး ထိရောက်သော မဟာမိတ်များ ထူထောင်ရေးတွင် မဟာမိတ်နိုင်ငံရေး၏ ဂိုဏ်းဂဏလက္ခဏာများသည် လက်နက်ကိုင်အဖွဲ့များအတွက် အတားအဆီးများထဲမှ တစ်ခုဖြစ်သည်။

အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား ဖြစ်ပေါ်လာသော အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်များ၏ ပုံစံများကြောင့် တပ်မတော်အစိုးရ၏ **တရားဝင်ဖြစ်မှု** အကျပ်အတည်းရှိနေသည့်တိုင် အစိုးရနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များကြား ပူးပေါင်းဆောင်ရွက်မှုမျက်နှာစာသစ်တစ်ရပ်ကို ဖြစ်ထွန်းလာစေခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်ထောက်လှမ်းရေးဦးဆောင်နေချိန်တွင် ဗိုလ်ချုပ်ကြီးခင်ညွန့်အား အလယ်အလတ် သဘောထားရှိသူ တစ်ယောက်အဖြစ် ၄င်းတို့က ရှုမြင်ကြသည်။ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တစ်စုံတရာသော ယုံကြည်မှုကို တည်ဆောက်နိုင်ခဲ့သည်။ ယင်းအဖွဲ့များနှင့် ဆက်ဆံရေးကောင်းကိုလည်း တပ်မတော်ထောက်လှမ်းရေးက ထိန်းသိမ်းထားနိုင်ခဲ့သည်။ တပ်မတော်ထောက်လှမ်းရေးသည် အပစ်အခတ်ရပ်စဲထားသော အဖွဲ့များနှင့် အဓိကဆက်ဆံရသည့်အဖွဲ့ဖြစ်ပြီး ယင်းအဖွဲ့များနှင့် ဆက်ဆံရေးတွင် အလွန်တရာအရေးကြီးသော ဆုံးဖြတ်ချက်များချမှတ်ရန် အခွင့်အာဏာလည်း ရရှိထားသည်။ ထို့အထဲတွင် စီးပွားရေး လုပ်ပိုင်ခွင့်များပေးခြင်းအပြင် အချို့ဖြစ်ရပ်များတွင်ရာဇဝတ်မှုကျူးလွန်မှုများအတွက် ယင်းအဖွဲ့များကို လွတ်ငြိမ်းခွင့် ပေးထားခြင်းများအထိ ပါဝင်သည်။ တပ်မတော်ထောက်လှမ်းရေးသည် လက်နက်ကိုင်အဖွဲ့များနှင့်ပက်သက်သည့်ကိစ္စရပ်များကို ကိုင်တွယ်ရသည့် တစ်ခုတည်းသော အဓိကကျသည့်အဖွဲ့ဖြစ်သည်။ ၂၀၀၅ တွင် ဗိုလ်ချုပ်ကြီးခင်ညွန့် ရာထူးလက်မလွတ်မီအထိ တပ်မတော် ထောက်လှမ်းရေးက ကြားဝင်ပြီး အကောင်အထည်ဖော်ခဲ့သည့်[၄] သဘောတူညီချက်များအနက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)သည်သာ အပစ်အခတ်ရပ်စဲရေး ပျက်ပယ်သွားပြီး တိုက်ပွဲများပြန်လည်ဖြစ်ပွားသည့် တစ်ဖွဲ့တည်းသောအဖွဲ့ဖြစ်သည်။ အခြား အဖွဲ့အားလုံးနှင့်မူ အပစ်အခတ်ရပ်စဲရေး၏ အသေးအဖွဲကျိုးပျက်မှုများသာရှိပြီး အစိုးရနှင့် ယင်းတို့ကြားထားရှိသည့် အပစ်အခတ် ရပ်စဲရေးအတိုင်း ဆက်ရှိနေကြသည်။ တပ်မတော်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံ၏အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များမှာ သီရိလင်္ကာနှင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ကဲ့သို့ အခြားပြည်တွင်းပဋိပက္ခများရှိ အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်များနှင့် နှိုင်းယှဉ်လျှင် ချိုးဖောက်သည့်ဖြစ်ရပ် အလွန်နည်းပါပြီး တည်ငြိမ်မှုရှိသည်ဟု ဆိုရမည်ဖြစ်သည်။ တပ်မတော်အစိုးရလက်ထက်တွင် အကောင်အထည်ဖော်ခဲ့သည့် အပစ်အခတ်

၄။ တပ်မတော်နှင့် KNPPသည် သစ်ထုတ်လုပ်ရေးကိစ္စရပ်များကို မဖြေရှင်းနိုင်သဖြင့် လအနည်းငယ် အတွင်း အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်သွားခဲ့သည်။

ရပ်စဲရေးသဘောတူညီချက်များတွင် ရှင်းရှင်းလင်းလင်းရှိသောကျင့်ဝတ်များကို နှစ်ဖက်စလုံး အတည်ပြုခဲ့ခြင်းမရှိသည်မှာ သိသာလှသည်။ အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့ကိုလည်း ထူထောင်ခဲ့ခြင်းမရှိပေ။ သို့သော်လည်း နှစ်ဖက်ကြားအငြင်းပွားမှုများကိုဖြေရှင်းရန် ဆက်ဆံရေးရုံးများကို နှစ်ဖက်လုံးက ဖွင့်ခဲ့ကြသည်။ ထိန်းချုပ်နယ်မြေများ၏ နယ်ခြားစည်းများကိုမူ နှစ်ဖက်စလုံးက အနည်းနှင့်အများ ရှင်းလင်းစွာ ပိုင်းခြားသတ်မှတ်ခဲ့သည်။ နည်းနာအားဖြင့် ဆက်ဆံရေးရုံးနှင့် ထိန်းချုပ်နယ်မြေပိုင်းခြားခြင်းသည် တပ်မတော်အစိုးရလက်ထက် အပစ်အခတ်ရပ်စဲရေးများ အကောင်အထည် ဖော်ရာတွင် အလွန်အရေးကြီးသောမဏ္ဍိုင်နှစ်ရပ် ဖြစ်လာခဲ့သည်။ ထို့ပြင် အပစ်ရပ်အဖွဲ့များသည် တိုင်းပြည်အတွင်း စီးပွားရေးလုပ်ငန်း ကုမ္ပဏီများထူထောင်ခဲ့ကြပြီး ပြည်တွင်းစီးပွားရေးအခင်းအကျင်းတွင်ကြီးစိုးထားသည့် အထင်ကရလုပ်ငန်းရှင်ကြီးများ ဖြစ်လာခဲ့ကြသည်။ အထူးသဖြင့် မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းနှင့် သဘာဝသယံဇာတထုတ်ယူခြင်းလုပ်ငန်းများတွင် ပါဝင်ပတ်သက်သည့်အဖွဲ့များ ဖြစ်သည်။ ထို့ပြင်ပြည်တွင်း၌ စီးပွားရေးလုပ်ငန်းကုမ္ပဏီများထူထောင်ခြင်းသည် တရားမဝင် ငွေမည်းများကို ခဝါချရန် နည်းလမ်းတစ်ခု ဖြစ်ခဲ့သည်။

မယုံကြည်မှုများရှိသည့်ကြားမှာပင် အစိုးရနှင့် သဘောတူညီချက် မကျိုးပျက်ရခြင်း တွင် အပစ်ရပ်အဖွဲ့များ၏ စီးပွားရေး အကျိုးအမြတ်များသည် အလွန်တရာအရေးပါသော အကြောင်းတစ်ရပ်လည်း ဖြစ်လာခဲ့သည်။ ခေတ်သစ်သမိုင်းတွင် မြန်မာနိုင်ငံသည် အစိုးရနှင့် အစိုးရမဟုတ်သောလက်နက်ကိုင်တပ်ဖွဲ့များကြား နှစ်ပေါင်း ၂၀ ကျော်ကြာ ယင်းသို့သော ကာလရှည်လျားသည့် အပစ်အခတ်ရပ်စဲရေးကို ထိန်းသိမ်းထားသည့် တစ်ခုတည်းသောနိုင်ငံ ဖြစ်လာခဲ့သည်။ အခြားတစ်နည်းဖြင့် ဆိုရလျှင် ယခင်အပစ်အခတ် ရပ်စဲရေးသည် ခေတ်သစ်ပြည်တွင်းပဋိပက္ခတွင် ကာလအရှည်ဆုံးသော **‘အနုတ်လက္ခဏာဆောင်သည့်ငြိမ်းချမ်းရေး’**[၅] ဖြစ်ခဲ့သည်။

အပစ်အခတ်ရပ်စဲရေး၏ ဒိုင်းနမစ်သည် ၂၀၀၇ တစ်ဝိုက်တွင်ရွေ့သွားခဲ့သည်။ အထူးသဖြင့်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်တပ်မတော် ထောက်လှမ်းရေး အာဏာမရှိတော့သည့်နောက်တွင် ဖြစ်သည်။ တပ်မတော်အစိုးရအတွင်း အုပ်စုတွင်းပဋိပက္ခကြောင့် ဗိုလ်ချုပ်ခင်ညွန့်နှင့် အပေါင်းအပါများကို အောက်တိုဘာ ၂၀၀၅ တွင် ရာထူးမှ ဖယ်ရှားခဲ့သည်။ ထိုသို့ ရာထူးမှဖယ်ရှားလိုက်ခြင်းသည် တပ်မတော်ထောက်လှမ်းရေး၏ယန္တရားတစ်ခုလုံးကိုလည်း ပျက်စီးစေခဲ့ပြီး အကျိုးဆက်အဖြစ် အစိုးရနှင့်လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့များကြား ထူထောင်ထားသည့် အပစ်အခတ်ရပ်စဲရေးယန္တရားကိုလည်း ထိခိုက်စေခဲ့သည်။ ထိုကာလတွင် တပ်မတော် ထောက်လှမ်းရေးကို ဖယ်ရှားလိုက်ခြင်းသည် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ပါအချက်များ၏ တည်ရှိဆဲချိန်ခွင်လျှာညီမျှမှုအား ပျက်စီးစေမည်ကို အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက စိုးရိမ်ခဲ့ကြသည်။

၅။ ရုပ်ပိုင်းဆိုင်ရာအရအကြမ်းဖက်မှုမရှိသော်လည်း နိုင်ငံရေးအရဖိနှိပ်မှုရှိနေဆဲအခြေအနေတစ်ရပ် အနုတ်လက္ခဏာဆောင်သည့် ငြိမ်းချမ်းရေး’ အဖြစ် ဂျိုဟန်ဂယ်တန် က ဖွင့်ဆိုသည်။ An Editorial. Journal of Peace Research, 1 (1), 1-4).

ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) အပါအဝင် အချို့အဖွဲ့များတွင် မယုံကြည်မှု တိုးပွားလာစေခဲ့ပြီး ၂၀၀၇ တွင် တပ်ဖွဲ့ဝင်စုဆောင်းမှုနှင့် လက်နက်တပ်ဆင်မှုများ အရှိန်မြှင့် လုပ်ဆောင်စရာ ဖြစ်စေခဲ့သည်။ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းရန်ကြိုးပမ်းမှုအဖြစ် တပ်မတော်ထောက်လှမ်းရေးနေရာတွင်အစားဝင်လာသည့် စစ်ဘက်ရေးရာလုံခြုံရေးဌာန (MSA)မှ ထိပ်တန်းအရာရှိအနည်းငယ်အား တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့်ထိတွေ့ဆက်ဆံရန် တာဝန်ပေးခဲ့သည်။ သို့သော်လည်း လူသစ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်ဆံရေးထူထောင်ရန်အတွက် အချိန်ယူရန်လိုအပ်ခဲ့ပြီး ၎င်းတို့ကြိုးပမ်းသည့်တိုင် ယခင်ကရှိသည့်ယုံကြည်မှုအဆင့်မျိုး ပြန် မရနိုင်ခဲ့ပေ။ နှစ်ဖက်ကြား မယုံကြည်မှုများနှင့်စိုးရိမ်ပူပန်မှုများသည် ၂၀၀၆ မှ ၂၀၁၀ ကာလအတွင်း တဖြည်းဖြည်း မြင့်တက်လာခဲ့သည်။ ယင်းသို့ မြင့်တက်လာရခြင်း၏ နောက်အကြောင်းအရင်းတစ်ရပ်မှာ ၂၀၀၈ ခုနှစ်တွင် မေးခွန်းထုတ်ဖွယ်ရာ ဆန္ဒခံယူပွဲတစ်ခုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုခဲ့ခြင်းဖြစ်သည်။ တပ်မတော်အစိုးရသည် ၂၀၁၀ တွင် အသွင်ကူးပြောင်းရေး တစ်ခု အတွက် ပြင်ဆင်နေခဲ့ပြီး လက်ရှိအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များအရ ယင်းလက်နက်ကိုင်အဖွဲ့များသည် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ တရားဝင်မည် မဟုတ်သည်ကို ခေါင်းဆောင်များက ယူဆခဲ့ကြသည်။ အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့များသည် တပ်မတော်၏အစိတ်အပိုင်းတစ်ရပ်ဖြစ်လာစေရန် နယ်ခြားစောင့်တပ်ဖွဲ့(BGF)အဖြစ် အသွင်ပြောင်းသင့်သည်ဟု အစိုးရက ထိုအချိန်က စဉ်းစားခဲ့သည်။ ထိုနောက်တွင်မှ ယင်းအဖွဲ့များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားဝင်လာမည်ဖြစ်သည်။ နယ်ခြားစောင့်တပ်ဖွဲ့ (BGF)သည် ပြည်သူ့စစ်လည်း မဟုတ်၊ အမြဲတမ်းစစ်တပ်၏အစိတ်ပိုင်းလည်းမဟုတ်သည့် လက်နက်ကိုင်ယူနစ်တစ်ခု၏ ပုံစံတစ်ရပ် ဖြစ်ခဲ့သည်။ နယ်ခြားစောင့်တပ်ဖွဲ့(BGF) ဖွဲ့စည်းရန် အစိုးရ၏အစီအစဉ်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ လက်ရှိတပ်မှူးများ၏ အမိန့်နှင့်ထိန်းချုပ်မှုကို ပျက်ပြားရန်အတွက် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်ဟု အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ဝေဖန်ခဲ့ကြသည်။

အပစ်အခတ်ရပ်စဲရေးကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ လက်နက်အားလုံးစွန့်မည်ဟု အများမျှော်လင့်သလို တပ်မတော်အစိုးရက မမျှော်လင့်ခဲ့ပေ။ နယ်ခြားစောင့်တပ်ဖွဲ့(BGF)သည် တပ်မတော်အတွင်းသို့ အပြည့်အဝပေါင်းလာမည်ဟုလည်း တပ်မတော်အစိုးရက မမျှော်လင့်ခဲ့ပေ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများစုသည် လက်နက်စွန့်ရေးအား ငြင်းဆိုမည်ကို စစ်တပ်က နားလည်သဘောပေါက်ပြီးဖြစ်သည်။ နယ်ခြားစောင့်တပ်ဖွဲ့သည် အရှိတရားနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လိုအပ်ချက်အကြား အစာမကြေမှုကိုဖြေရှင်းရန် နည်းလမ်းတစ်ရပ်သာ ဖြစ်သည်။ နယ်ခြားစောင့်တပ်ဖွဲ့(BGF)၏ ဖွဲ့စည်းတည်ဆောက်ပုံတွင် တိုင်းရင်းသား တပ်မှူးများကို ဖယ်ထုတ်ထားခြင်းမရှိခဲ့ပေ။ နယ်ခြားစောင့်တပ်ဖွဲ့(BGF)တပ်ရင်းတိုင်းတွင် လက်ရှိအချိန်အထိတိုင် တပ်ခွဲမှူး

အပါအဝင် တပ်မှူးများအားလုံးသည် ယခင်အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့များမှ လူနည်းစု တိုင်းရင်းသားခေါင်းဆောင်များ ဖြစ်ကြသည်။ နယ်ခြားစောင့်တပ်ဖွဲ့(BGF) တပ်ရင်းအသီးသီးတွင် စီမံအုပ်ချုပ်ရေးလုပ်ငန်းများကိုင်တွယ်ရန် အရာရှိငယ်သုံးဦး နှင့် ပြန်တမ်းဝင် မဟုတ်သော အရာရှိ ၂၇ ဦးသာ ပါဝင်သည်။ သို့သော်လည်း နားလည်ကြသည့်အတိုင်းပင် အချို့အဖွဲ့များကမူ သင့်လျော်သောနိုင်ငံရေးအဖြေ တစ်ရပ်မရှိဘဲ တပ်မတော်တွင်းသို့ပေါင်းစည်းလိုခြင်း မရှိခဲ့ကြပေ။ သို့တိုင် နယ်ခြားစောင့်တပ်ဖွဲ့ (BGF) သည် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်ဆန့်ကျင်ခြင်းမရှိဘဲ စစ်တပ်ယူနစ်တစ်ခုအဖြစ်သို့ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ ဥပဒေအရ ပြောင်းလဲမှုတစ်ရပ်ဖြစ်သည်ဟု အစိုးရက ယူဆခဲ့သည်။ တပ်မတော်အစိုးရအတွက်မူ နယ်ခြားစောင့်တပ်ဖွဲ့ (BGF) သည် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အကန့်အသတ်များကို ကျော်လွှားရန် အဖြေတစ်ရပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ ၎င်းတို့၏ လက်နက်များကို ဆက် လက်ကိုင်ထားနိုင်ရန် ရည်ရွယ်ခဲ့သည်။ [၆]

ဇယား ၁ တွင်ပြထားသည့်အတိုင်း ၁၉၉၈ မှ ၂၀၁၀ အထိ အပစ်အခတ်ရပ်စဲခြင်း သို့မဟုတ် လက်နက်စွန့်ခြင်းပုံစံအချို့တွင် ပါဝင်ပတ်သက်ခဲ့သည့်အဖွဲ့ ၄၀ ရှိခဲ့သည်။ ယင်းအဖွဲ့ ၄၀ အနက် ၂၅ ဖွဲ့မှာ ၂၀၀၉ အထိ အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူခဲ့စဉ်က လက်နက်ကိုင်အုပ်စုများအတိုင်း ရှိနေခဲ့သည်။ ကျန်လက်နက်ကိုင်အဖွဲ့များမှာ လက်နက်စွန့်ခြင်း သို့မဟုတ် တပ်မတော်၏ ထိန်းချုပ်မှုအောက်တွင် လက်နက်ကိုင်ဒေသခံအရပ်သားများအဖြစ်ဖွဲ့စည်းထားသည့် ပြည်သူ့စစ်များအသွင်ပြောင်းခြင်းများ လုပ်ခဲ့ကြသည်။ တပ်မတော်၏ ကိုယ်စားလှယ်များသည် အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်တွင်ပါဝင်ခဲ့သည့် ကျန်ရှိနေသည့် အပစ်အခတ်ရပ်စဲရေးအဖွဲ့ ၂၅ ဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ရသည်။ ၂၅ ဖွဲ့အနက် ၅ ဖွဲ့က နယ်ခြားစောင့်တပ်ဖွဲ့ (BGF) များ အဖြစ် အသွင်ပြောင်းရန်နှင့် ၁၅ ဖွဲ့က ပြည်သူ့စစ်များအဖြစ် အသွင်ပြောင်းရန် သဘောတူခဲ့ကြသည်။ ငါးဖွဲ့ကမူ နယ်ခြားစောင့်တပ်ဖွဲ့ (BGF) သို့မဟုတ် ပြည်သူ့စစ်အဖြစ် အသွင်ပြောင်းရန် ငြင်းဆိုခဲ့ကြသည်။ အဆိုပါအဖွဲ့အစည်းငါးခုမှာ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)၊ မွန်ပြည်သစ်ပါတီ(NMSP)၊ ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) ၊ ကရင်အမျိုးသားအစည်းအရုံး (ငြိမ်းချမ်းရေး ကောင်စီ) (KPC KNU/KNLA-PC )၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (မိုင်းလားအထူးဒေသ ၄ ဟုလည်း သိကြသည်) တို့ဖြစ်ကြသည်။ ငြင်းဆိုခဲ့ကြသည့်အထဲတွင် ကေအိုင်အိုတစ်ဖွဲ့တည်းသာ စစ်တပ်နှင့်ပဋိပက္ခ အတိအလင်းပြန်ဖြစ်သည်ကို တွေ့ခဲ့ရ သည်။ အခြားအဖွဲ့လေးဖွဲ့မှာမူ ၂၀၁၀ တွင် အပစ်အခတ်ရပ်စဲရေးပျက်ပြားသွားခဲ့ပြီးနောက် တပ်မတော်နှင့်တိုက်ပွဲငယ်များသာ ကြုံတောင့်ကြုံခဲဖြစ်ပွားခဲ့သည်။ ၂၀၀၉ နှင့် ၂၀၁၀ တစ်ဝိုက်တွင် တင်းမာမှုများမြင့်တက်နေသည့်တိုင် တိုက်ပွဲငယ်များ ဆက်တိုက်ဖြစ်ပွားရာမှ ၂၀၁၁ ဇွန်လတွင် တိုက်ပွဲကြီးများအဖြစ် အရှိန်မြင့်လာပြီး ၂၀၁၂ ဒီဇင်ဘာတွင် တင်းမာမှုအလွန်မြင့်လာခဲ့သည့်

၆။ နယ်ခြားစောင့်တပ်ဆိုင်ရာပြဋ္ဌာန်းချက် အရ အသက် ၅၀ ကျော်ပြီးသူများကို တပ်ဖွဲ့ဖွဲ့စည်းပုံမှ ထုတ်ပယ်ထားသည်။ (BGF) နယ်ခြားစောင့်တပ်သို့ စတင်ဝင်ရောက်သည့်အချိန်တွင် အသက် ၅၀ ပြည့်သည့် (BGF)နယ်ခြားစောင့် တပ်အရာရှိများသည် လက်ရှိပင်စင်ခံစားခွင့်လိုအပ်ချက်များအရ ပင်စင် ခံစားခွင့်မရှိဟု တပ်မတော်အရာရှိများက ပြောသည်။ ယင်းပြဋ္ဌာန်းချက်သည် ၎င်းတို့၏ခေါင်းဆောင်များအား အမိန့်ပေးခြင်းနှင့် ထိန်းချုပ်ခြင်းမှ ပယ်ထုတ်ထားခြင်းဖြစ်သည်ဟု တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ကနဦးအားဖြင့် ခံစားခဲ့ကြသည်။ ဒီကေဘီအေ တပ်ဖွဲ့ဝင်ဟောင်းများ အတွက် ထိန်းသိမ်းရေးကော်မတီကဲ့သို့ အချို့သော (BGF)နယ်ခြားစောင့်တပ်များတွင် (BGF)နယ်ခြားစောင့်တပ် စတင်ဖွဲ့စည်းချိန်တွင် အသက် ၅၀ ကျော်သည့် တိုင်းရင်းသာခေါင်းဆောင်များ ပါဝင်ရန်အတွက် အလွတ်အမိန့်ပေးဖွဲ့စည်းတည်ဆောက်ပုံကို ဆက်လက်ထားရှိရန် တပ်မတော်က သဘောတူခဲ့သည်။

ကေအိုင်အိုမှအပ တပ်မတော်နှင့်ယင်းအပစ်အခတ်ရပ်အဖွဲ့များသည် ပိုနေမြဲကျားနေမြဲအခြေအနေကို ထိန်းထားရန် တိုက်ပွဲကြီးများကို ရှောင်ရန် ကြိုးပမ်းခဲ့ကြသည်။

တပ်မတော်အစိုးရ၏အမြင်တွင် ယခင်အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်များသည် အောင်မြင်မှုအချို့ ရရှိခဲ့သည်ဟုမြင်သည်။ ပြီးခဲ့သည့် ၂၃ နှစ်တွင် အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်တွင်ပါဝင်ခဲ့သည့် အဖွဲ့ ၄၀ အနက် ငါးဖွဲ့ကသာ လက်နက်စွန့် (DDR) ပုံစံ အချို့သို့ ပေါင်းစည်းရန်ငြင်းဆန်ခဲ့ကြသည်။ ဆယ်စုနှစ် နှစ်ခုကျော် တွင် KNPP နှင့် MNDAA[7] နှစ်ဖွဲ့နှင့်သာ အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်ခဲ့သည်။ ကျန်အဖွဲ့များသည် လက်နက်စွန့်ခြင်း သို့မဟုတ် တပ်မတော်၏ဖွဲ့စည်းပုံ အောက်သို့ ပေါင်းစည်းခြင်းများ ပြုလုပ်ခဲ့ကြသည်။ ကိန်းဂဏန်းအားဖြင့် သိသာထင်ရှားစွာတိုးတက်လာခဲ့ခြင်းဖြစ်သည်။ အခြားတစ်ဖက်တွင်မူ အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်သည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြဿနာကိုဖြေရှင်းရန် နိုင်ငံရေးအဖြေတစ်ခုကို ထွက်ပေါ်လာစေခြင်း မရှိခဲ့ဟု လက်နက်စွန့်ရန် သဘောတူခဲ့သည့် အဖွဲ့အချို့အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ခံစားခဲ့ကြသည်။ အချို့ကမူ လက်နက်စွန့်ရသည်ကို နောင်တရကြသည်။ အချို့ နေရာများတွင် လက်နက်စွန့်သည့်အဖွဲ့များနေရာကို အစားဝင်ရန် လက်နက်ကိုင်အဖွဲ့သစ်များ ထွက်ပေါ်လာခဲ့သည်။ သို့တိုင် ယခင်အပစ်အခတ် ရပ်စဲရေး လုပ်ငန်းစဉ်များသည် တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ နှစ်ဖက်စလုံးအတွက် လတ်တလော အပစ်အခတ်ရပ်စဲရေးနှင့် တိုင်းတာရန် လုပ်လေ့လုပ်ထရှိသည့်ပုံစံတစ်ရပ်အဖြစ် မှတ်ထင်နေကြသည်။ အထူးသဖြင့် တပ်မတော်သည် ၂၀၁၁ တွင် အာဏာရလာသည့် ‘နိုင်ငံရေး’ အစိုးရသစ်က ဖော်ဆောင်သည့် အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေး စိန်ခေါ်မှု အသစ်များကိုရင်ဆိုင်ရန် ကိုယ့်ကိုယ်ကို ချိန်ညှိမှုများပြုလုပ်ခဲ့ရသည်။

၇။ ၂၀၀၉ ဩဂုတ်လတွင် အပစ်အခတ်ရပ်စဲရေးပျက်ပြယ်သွားပြီးနောက် မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA)ဟုလည်းခေါ်ကြသည့် ကိုးကန့် လက်နက်ကိုင်အဖွဲ့အား ဖိအားပေး လက်နက်စွန့်စေခဲ့သည်။ အဖွဲ့တစ်ဖွဲ့က သီးခြားနေပြီး နောက်ပိုင်းတွင် ၂၀၁၁ နိုင်ဝင်ဘာတွင် အစိုးရနှင့် အပစ်အခတ်ရပ်စဲ သဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးခဲ့သည့် ဒီကေဘီအေအတော်များများသည် နယ်ခြားစောင့်တပ်ဖွဲ့ (BGF) အဖြစ် အသွင်ပြောင်းရန် သဘောတူခဲ့ကြသည်။ အခြားအဖွဲ့များဆက်လက်တိုက်ပွဲဝင်နေစဉ် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ၏ တစ်ဖွဲ့ကလည်း တပ်မတော်၏ ဖွဲ့စည်းတည်ဆောက်ပုံအောက်တွင် ပြည်သူ့စစ်အဖွဲ့တစ်ခုအဖြစ် အသွင်ပြောင်းလာခဲ့သည်။ သို့သော်လည်း (SSPP)သည် ၂၀၁၂ ဇန်နဝါရီလတွင် အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ခုကိုလည်း လက်မှတ်ရေးထိုးခဲ့သည်။

အောက်ပါဇယားသည် ယင်းအစိုးရလက်ထက်တွင် အပစ်အခတ်ရပ်စဲရေးလုပ်ငန်း စဉ်တွင်ပါဝင်ခဲ့သည့် လက်နက်ကိုင်အဖွဲ့ အရေအတွက်နှင့် လတ်တလော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်ပါဝင်သည့်အဖွဲ့အရေအတွက် အကျဉ်းချုပ်ဖြစ်သည် -

| | |
|---|---|
| **တပ်မတော်အစိုးရလက်ထက် ငြိမ်းချမ်းရေးလုပ်ငန်း စဉ်တွင်ပါဝင်ခဲ့သည့် လက်နက်ကိုင်တပ်ဖွဲ့အရေအတွက်** | **၄၀** |
| **၂၀၀၉ မတိုင်မီ ပြည်သူ့စစ်အသွင်ပြောင်းခြင်း သို့မဟုတ် လက်နက်စွန့်သည့်အဖွဲ့** | **၁၅** |
| **၂၀၀၉ အထိ ကျန်ရှိနေသည့် အပစ်အခတ်ရပ်စဲသည့်အဖွဲ့အရေအတွက်** | **၂၅** |
| **နယ်ခြားစောင့်တပ် (BGF) အဖြစ်ပြောင်းခဲ့သည့် အပစ်အခတ်ရပ်စဲသည့်အဖွဲ့အရေအတွက်** | **၅** |
| **ပြည်သူ့စစ်အသွင်ပြောင်းခဲ့သည့် အပစ်အခတ်ရပ်စဲသည့် အဖွဲ့အရေအတွက်** | **၁၅** |
| **နယ်ခြားစောင့်တပ် (BGF) သို့မဟုတ် ပြည်သူ့စစ်အဖြစ်ပြောင်းရန် ငြင်းဆိုခဲ့သည့် အပစ်အခတ်ရပ်စဲသည့်အဖွဲ့အရေအတွက်** | **၅** |
| **အစိုးရနှင့်အပစ်အခတ်ရပ်စဲရေးဆွေးနွေးရန် လတ်တလော သဘောတူထားသည့် လက်နက်ကိုင်တပ်ဖွဲ့အရေအတွက်** | **၁၆**[၈] |

ဇယား ၁- ယခင်နှင့်ယခု
အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်များရှိလက်နက်ကိုင်အဖွဲ့များ၏အကျဉ်းချုပ်

တပ်မတော်အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအဖွဲ့ စုစုပေါင်း ၄၀ ပါဝင်ခဲ့သည်။ ယင်းတို့အနက် ၁၅ ဖွဲ့ သည် ၂၀၀၉ မတိုင်မီတွင် လက်နက်စွန့်ခြင်း သို့မဟုတ် ပြည်သူ့စစ်အသွင်းပြောင်းခြင်းများ ပြုလုပ်ခဲ့ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအသက်ဝင်ချိန်တွင် ၂၅ ဖွဲ့မှာ အပစ်အခတ်ရပ်လက်နက်ကိုင်အဖွဲ့များအဖြစ် ရှိနေခဲ့ကြသည်။ ယင်းတို့ထဲတွင် ၅ ဖွဲ့က နယ်ခြား စောင့်တပ် (BGF) အဖြစ်ပြောင်းလဲရန် သဘောတူခဲ့ကြသည်။ ၁၅ ဖွဲ့မှာ ပြည်သူ့စစ်များအဖြစ် အသွင်ပြောင်းခဲ့ကြသည်။ ကျန်ငါးဖွဲ့ကမူ တပ်မတော်၏ အစိတ်အပိုင်းတစ်ရပ် အဖြစ် ပါဝင်ရန်ကို ငြင်းဆိုခဲ့ကြသည်။ အခြေခံအားဖြင့် အပစ်အခတ်ရပ်စဲရေး သည် အစိုးရနှင့်ယင်း ၅ ဖွဲ့ကြားတွင် ပျက်ပြယ်ခဲ့ရသည်။ ၂၀၁၁ တွင် အစိုးသစ်တက်လာသောအခါတွင် အသွင်ပြောင်းရန်ငြင်းဆိုခဲ့သည့် ၅ ဖွဲ့အပြင် နောက်ထပ် ၁၁ ဖွဲ့မှာ ဆက်လက်တိုက်ပွဲဝင်နေကြသည်။ အစိုးရနှင့် ဆက်လက်တိုက်ခိုက်မည် ဟု ကြွေးကြော်ထားသည့် အခြားအဖွဲ့ငယ်လေးများ ရှိနေသေးသော်လည်း အစိုးရသစ်ကမူ အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်သစ်တွင် စုစုပေါင်း ၁၆ ဖွဲ့ကိုသာ အသိအမှတ်ပြုခဲ့သည်။

၈။ အစိုးရသည် UNFC အား ဆွေးနွေးဖက်အဖြစ်လက်ခံသော်လည်း အပစ်အခတ်ရပ်စဲရေးအဖွဲ့ သို့မဟုတ် ညွန့်ပေါင်းအဖြစ် လက်မခံပေ။

၉။ Sakhong, Lian.(2013). Peace Process Wanted by Ethnic Nationalities: Yangon. 15.

# ၂။ မြန်မာနိုင်ငံ၏ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နားလည်ခြင်း

အစိုးရသစ်က ဖော်ဆောင်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နားလည်ရန်အလို့ငှာ မြန်မာနိုင်ငံရှိ နိုင်ငံရေးအသွင် ကူးပြောင်းမှု၏ ဝိသေသလက္ခဏာများနှင့်သဘာဝကို နားလည်ရန်လိုအပ်သည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုသည် ထိပ်ပိုင်းမှ ဦးဆောင်ပြောင်းလဲသည့်ဖြစ်စဉ် ဖြစ်သည်။ တပ်မတော်အစိုးရများ၏ အလေ့အထအတိုင်း လုပ်ဆောင်ခဲ့သည့် လူများစွာဝေဖန်ခဲ့ကြသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်းကျင်းပခဲ့သည့် အငြင်းပွားဖွယ်ရာ ၂၀၁၀ ရွေးကောက်ပွဲဖြင့် အစိုးရသစ် တက်လာပြီးနောက် ယခင်တပ်မတော်အစိုးရ၏ထိပ်တန်းအရာရှိများက လုပ်ငန်းစဉ်ကိုဖော်ဆောင်နေခြင်းဖြစ်သည်။ ထို့ကြောင့် ၂၀၁၁ မတ်လတွင် အစိုးရသစ်တက်လာချိန်တွင် ယခင်တပ်မတော်အစိုးရထံမှ တရားဝင်ဖြစ်မှုအကျပ်အတည်းကို အစိုးရသစ်က အမွေ ဆက်ခံခဲ့ရသည်။ အစိုးရသစ်ကို အတိုက်အခံများနှင့်နိုင်ငံတကာ အသိုင်းအဝိုင်းနှစ်ခုစလုံးက သံသယဖြစ်ခဲ့ပြီး ယခင်တပ်မတော်အစိုးရ အုပ်ချုပ်မှုသက်တမ်းဆွဲဆန့်ခြင်းဖြစ်မည်ကို ကြောက်ရွံ့ခဲ့ကြသည်။

မြန်မာပြည်သူလူထုနှင့်နိုင်ငံတကာအသိုင်းအဝိုင်း နှစ်ခုစလုံးကြားတွင် တရားဝင်ဖြစ်မှုပြန်လည်ရရှိရန်မှာ အစိုးရသစ်အတွက် အလွန်အရေးကြီးခဲ့သည်။ သမ္မတဦးသိန်းစိန်နှင့် ၎င်း၏ပြုပြင်ပြောင်းလဲရေးဝန်ကြီးများ (အထူးသဖြင့် ဦးအောင်မင်းနှင့် ဦးစိုးသိန်း) တို့သည် သမ္မတရာထူးရယူပြီးနောက်ခြောက်လအတွင်း ဆက်တိုက်ဖြေလျှော့မှုများ ပြုလုပ်ရန်ဆုံးဖြတ်ခဲ့ကြသည်။ အခြားတစ်ဖက်တွင်မူ ခြောက်လတာကာလအတွင်း အစိုးရက ဖြစ်ဖြစ်မြောက်မြောက် မလုပ်နိုင်သည်ကို ကြည့်လျှင်လည်း အာဏာစတင်ယူစဉ်ကတည်းက အစိုးရတွင် ရှင်းလင်းသော မဟာဗျူဟာ တစ်ရပ်မရှိခဲ့သည်ကို ပြသနေခြင်းဖြစ်သည်။ ခိုင်မာသောခြေလှမ်းတစ်ခုဖြစ်အောင် အစိုးရက မည်သို့ လုပ်ဆောင်မည်နည်းဆိုသည်မှာ လေ့လာစောင့်ကြည့်သူ အများစုအတွက် မေးခွန်းအဖြစ်ရှိနေဆဲပင်ဖြစ်သည်။ ယခု အသွင်ကူးပြောင်းဆဲ ကာလတွင် အချို့သောသတင်းအချက်အလက်များထွက်ပေါ်လာရန်မှာ အလွန်စောလွန်းပြီး အလွန်သတိထားနေရသည့် အခြေအနေတွင်ရှိနေဆဲဖြစ်သည်။

အစိုးရသစ်၏သိသာထင်ရှားသော ပထမဆုံးခြေလှမ်းမှာ ၂၀၁၁ ဩဂုတ်လတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတတို့ တွေ့ဆုံခြင်း ဖြစ်သည်။ တိုင်းပြည်၏ အဓိကမြစ်ကြီးဖြစ်သော ဧရာဝတီအပေါ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသောဝေဖန်မှုများဖြင့် ရင်ဆိုင်နေရသည့် တရုတ်ကပြု

လုပ်သည့် မြစ်ဆုံဆည်တည်ဆောက်မှုကို ဆိုင်းငံ့လိုက်ပြီးနောက် ထိုတွေ့ဆုံ မှု ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ပြည်သူများ၏စိုးရိမ်ပူပန်မှုကို ဖြေရှင်းရန် အစိုးရ၏ ခြေလှမ်းများကို မြန်မာပြည်သူလူထုနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းနှစ်ရပ်လုံးက ကြိုဆိုခဲ့ကြသည်။ အချို့နိုင်ငံရေးအကျဉ်းသားများသည်လည်း များမကြာမီ ၂၀၁၁ နိုဝင်ဘာတွင် လွတ်မြောက်လာခဲ့သည်။ ၂၀၁၂ ဧပြီလတွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)က ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ထိုလမှာပင် ဒေါ်အောင်ဆန်းစုကြည်က ကြေညာခဲ့သည်။ ၂၀၁၀ တွင် သပိတ်မှောက်ခဲ့သည့် ရွေးကောက်ပွဲ များတွင် ဝင်ရောက် ယှဉ်ပြိုင်ရန် NLD ၏ဆုံးဖြတ်ချက်သည် သမ္မတဦးသိန်းစိန်လက်ထက်တွင် အထင်ရှားဆုံးသော နိုင်ငံရေးရလဒ် ကောင်းများထဲမှတစ်ခုဖြစ်သည်။ ၂၀၁၁ ဒီဇင်ဘာတွင် ဟီလာရီကလင်တန်သည် မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်သည့် အမေရိကန်နိုင်ငံခြား ရေးဝန်ကြီးအဖြစ် အလည်အပတ်လာရောက်ခဲ့ပြီး လတ်တလော ပြုပြင်ပြောင်းလဲမှုများကို အမေရိကန်ပြည်ထောင်စုက ထောက်ခံမှုပြကြောင်း ပြသခဲ့သည်။ ၂၀၀၇ ဆန္ဒပြမှုများတွင်ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် အကျဉ်းချခံထားရသော နာမည်ကျော် ကျောင်းသားခေါင်းဆောင်များဖြစ်သည့် မင်းကိုနိုင်၊ ကိုကိုကြီး၊ ရှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးခွန်ထွန်းဦးနှင့် အခြားထင်ရှားသည့် ကျောင်းသားခေါင်းဆောင်များကိုလည်း ၂၀၁၂ ဇန်နဝါရီတွင် အစိုးရက လွှတ်ပေးခဲ့သည်။

လတ်တလောပြုပြင်ပြောင်းလဲမှု၏အဆင်အသွေးမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၏ ပြည့်စုံသောအပိုင်းထက် ဖြေလျှော့ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်နေသည့်ပုံပေါ်သည်။ ပြုပြင်ပြောင်းလဲမှုကို ထိုနည်းဖြင့်တိုင်းမည်ဆိုလျှင် အစိုးရသည် အသွင်ကူးပြောင်းရေးကို တဖြည်းဖြည်းချင်းသွားပြီး ထိန်းချုပ်ထားသည့်လုပ်ငန်းစဉ်အဖြစ် သွားလိုသည်ဟုဆိုရမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့်မြန်မာလူထု၏ အပေါင်းလက္ခဏာဆောင်သောအကဲဖြတ်ချက်သည် ၎င်း၏ ပြုပြင်ပြောင်းလဲ ရေးလုပ်ငန်းအစီအစဉ်များအတိုင်း ဆက်သွားစေရန် အစိုးရကို အားဖြစ်စေခဲ့သည်။ ၎င်းလုပ်ဆောင်ခဲ့သည့် ယခင်လုပ်ငန်းများ၏ အောင်မြင်မှုအပေါ် မူတည်ပြီး အစိုးရက နိုင်ငံရေး နေရာကို ချဲ့ပေးလျက်ရှိခဲ့သည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းအစီအစဉ်တွင် ယခင်က မူဝါဒပိုင်းဆိုင်ရာဆုံးဖြတ်ချက်များ၏ အောင်မြင်မှုများက နိုင်ငံရေး ကစားကွက်၏ နောက်ထပ်အဆင့်ကို မွေးထုတ်ပေးခဲ့ခြင်းဖြစ်သည်။ ပြုပြင်ပြောင်းလဲရေး၏တိုးပွားလာသော ယင်းအဆင်အသွေးသည်လည်း ပြုပြင်ပြောင်းလဲရေးတွင် ပေါင်းစပ်ပါဝင်သည့်အစိတ်အပိုင်း တစ်ရပ်ဖြစ်လာသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အစိုးရက မည်သို့ချဉ်းကပ်သနည်းဆိုသည်ကို ရောင်ပြန်ဟပ်ပြနေသည်။

တိုင်းပြည်တွင် အခွန့်ရှည်သော ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသား လက်နက်ကိုင်များကို ဖိတ်ခေါ်ရန် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုင်ရာ ပြန်လည်ပေါင်းစည်းရေး ပထမဆုံးကြေညာချက်တစ်ရပ်ကို ၂၀၁၁ ဩဂုတ်လ ၁၈ ရက်နေ့တွင် အစိုးရသစ်က ကြေညာခဲ့သည်။ ၁၉၆၃ တွင် ဗိုလ်ချုပ်ကြီးနေဝင်းဖိတ်ခေါ်ခဲ့သည့် အလားတူဖိတ်ခေါ်မှုမျိုးနောက် လက်နက်ကိုင်အဖွဲ့အားလုံးအား ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ တဖန်ဖော်ဆောင်ရန် နိုင်ငံအနှံ့ကြေညာခဲ့သည့် ပထမဆုံးသော တရားဝင်ကမ်းလှမ်းချက် ဖြစ်ခဲ့သည်။[၉] သို့သော်လည်း ကြေညာချက်ကြောင့် တိုင်းရင်းသားလက်နက်ကိုင်များထံမှ ချက်ချင်းတုံ့ပြန်မှုမရခဲ့သလို ဆက်သွယ်ဆောင်ရွက်မှုလည်း ရှိမလာခဲ့ပေ။ စစ်မှန်သောငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုတွင်ပါဝင်ရန် အစိုးရ၏ရည်ရွယ်ချက်အစစ်အမှန်ကို အဖွဲ့များက မေးခွန်းထုတ်နေဆဲဖြစ်သည်။

ငြိမ်းချမ်းရေးကမ်းလှမ်းချက်အသက်ဝင်စေရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ထိတွေ့ဆက်ဆံရန် အစိုးရက အဖွဲ့နှစ်ဖွဲ့(အေနှင့်ဘီ)ကို တာဝန်ပေးခဲ့သည်။ အဖွဲ့(အေ)ကို အာဏာရပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ ဗဟိုအလုပ်အမှု ဆောင်အဖွဲ့ဝင် ဦးသိန်းဇော်၊ ပြည်ခိုင်ဖြိုးပါတီ၏နာယကတစ်ဦးဖြစ်သူ ဦးအောင်သောင်း တို့နှင့် ဖွဲ့စည်းထားသည်။ အဖွဲ့(ဘီ)ကို ယခု အခါ အစိုးရ၏ စေ့စပ်ညှိနှိုင်းရေးအဖွဲ့အကြီးအကဲအဖြစ်ဆောင်ရွက်နေသည့် ဝန်ကြီး ဦးအောင်မင်း က ဦးဆောင်သည်။ ဦးအောင်မင်း ဦးဆောင်သောအဖွဲ့(ဘီ)သည် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးဖော်ဆောင်မှုသမိုင်းတွင် ယခင်ကမရှိခဲ့သည့် တစ်မူထူးခြားသည့် စရိုက်လက္ခဏာတစ်ခုဖြစ်ခဲ့သည်။ ဦးအောင်မင်းသည် အစိုးရ မဟုတ်သော စွမ်းဆောင်ရည်မြှင့်တင်ရေးအဖွဲ့နှင့် ပညာရှင်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် မြန်မာအီးဂရက်မှလူပုဂ္ဂိုလ်တစ်စုကို အဖွဲ့တွင်ပါဝင်စေခဲ့သည်။ အခြေခံအားဖြင့် အဖွဲ့တွင် ဦးအောင်မင်းသည်သာ သူ့အဖွဲ့အတွက်တစ်ဦးတည်းသော အစိုးရ အရာရှိ ဖြစ်ခဲ့သည်။ ဦးအောင်သောင်းနှင့်ဦးသိန်းဇော်တို့သည် NDAA, NSCK-K, SSPP, DKBA, KNU/KNLA (Peace Council), KIO, ABSDF တို့နှင့်ထိတွေ့ဆက်ဆံနေချိန်တွင် ဦးအောင်မင်း၏အဖွဲ့သည် KNU, NMSP, RCSS, KNPP, PNLO, CNF, ALP တို့နှင့် ကနဦးအဆင့် ထိတွေ့ဆက်ဆံမှုများ ပြုလုပ်ခဲ့ကြသည်။ ယေဘုယျအားဖြင့် အဖွဲ့(အေ)သည် တပ်မတော်အစိုးရ လက်ထက်တွင် အစိုးရနှင့်အပစ်အခတ်ရပ်စဲရေးကို ယခင်ကတည်းက သဘောတူထားသည့်အဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း ဖြစ်သည်။ အဖွဲ့(ဘီ)က ကနဦးဆက်သွယ်ဆောင်ရွက်သူများမှာ ယခင်ကတည်းက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မရခဲ့သည့်အဖွဲ့ များကို ဦးတည်သည်။ အဖွဲ့နှစ်ဖွဲ့စလုံးသည် အောင်မြင်မှုကိုစောစောစီးစီးရရှိခဲ့ပြီး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ခိုင်မြဲရန် လမ်းကြောင်းသစ်တစ်ခုရရှိခဲ့သည်။ ယင်းအောင်မြင်မှုသည် အစိုးရ အားပိုမိုကျယ်ပြန့်သောပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်စေခဲ့သည်။

၉။ Sakhong, Lian. (2013). Peace Process Wanted by Ethnic Nationalities: Yangon. 15.

မြန်မာ့နိုင်ငံ၏အကြီးဆုံးတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဖြစ်သော UWSA နှင့် NDAA တို့သည် ၂၀၁၁ စက်တင်ဘာ တွင် ပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သစ်တွင် ပထမဆုံးပါဝင်လာခဲ့ကြသည်။ UWSA နှင့် NDAA တို့သည် ယခင်အပစ်အခတ် ရပ်စဲရေးလုပ်ငန်းစဉ်မှ ကျန်ရှိနေဆဲငါးဖွဲ့မှဖြစ်သည်။ အခြားအဓိကအဖွဲ့နှစ်ဖွဲ့ဖြစ်သော ရှမ်းပြည်ပြန်လည်လွတ်မြောက်ရေးကောင်စီ (RCSS)နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU) တို့သည် ၂၀၁၁ ဒီဇင်ဘာနှင့် ၂၀၁၂ ဇန်နဝါရီတွင် အပစ်အခတ် ရပ်စဲရေးသဘော တူညီချက်ကို အသီးသီး လက်မှတ်ရေးထိုးခဲ့သည်။ RCSS နှင့် KNU တို့သည့် ယခင်အပစ်အခတ် ရပ်စဲရေးလုပ်ငန်းစဉ်များတွင် ပါဝင်ခဲ့ကြသည့်အဖွဲ့များ မဟုတ်ပေ။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ၎င်းတို့ပါဝင်မှုသည် အပစ်အခတ် ရပ်စဲရေးလုပ်ငန်းစဉ် အသစ်ဆီသို့ အခြားအဖွဲ့များလည်း အရှိန်အဟုန်ဖြင့် ပါဝင်လာရန်တွန်းအား ဖြစ်စေသည်။ ၂၀၁၂ နှစ်လယ်ပိုင်းတွင် နိုင်ငံတစ်ဝှမ်းတွင် ၁၃ ဖွဲ့သည် အစိုးရနှင့် နှစ်ဦးသဘောတူ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များ ရေးထိုးခဲ့ပြီး ဖြစ်သည်။

သို့တိုင် လုပ်ငန်းစဉ်ကို မသေချာမရေရာမှုများကြားမှ ဖော်ဆောင်ခဲ့ကြသည်။ ယခင် ကနဦး အပစ်အခတ်ရပ်စဲရေးများရရှိပြီးသည့်တိုင် အစိုးရအဖွဲ့ရော၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကပါ လုပ်ငန်းစဉ်ကို မည်သို့ဆက်လက် လုပ်ဆောင်ရမည်ကို တိတိကျကျ မရှိခဲ့ကြပေ။ အစိုးရ၏ကနဦးအမြင်မှ ကြည့်လျှင် နှစ် ၆၀ ကြာ ပြည်တွင်းစစ်ကိုအဆုံးသတ်ရေးသည် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင် ပြောင်းလဲမှုများ အားကောင်းစေရန် မရှိမဖြစ် လိုအပ်ချက် ဖြစ်သည်။ ၎င်း၏နိုင်ငံရေးအရ ဆန္ဒရှိသည့်တိုင် အစိုးရသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်က တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းစေရမည် ဆိုသော မဟာဗျူဟာကို ရှင်းရှင်းလင်းလင်း မချမှတ်ခဲ့ပေ။ တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များ၏ အမြင်မှကြည့်လျှင် လူနည်းစုတိုင်းရင်းသားများအတွက် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နှင့် တန်းတူ အခွင့်အရေးကိစ္စရပ်များကိုဖြေရှင်းမည့် စစ်မှန် သောငြိမ်းချမ်းရေး လုပ်ငန်းစဉ်တစ်ခုဖော်ဆောင်ရန် အစိုးရသစ်တွင် လုံလောက် သော လေးနက်မှု ရှိသလားဆိုသည်ကို ၎င်းတို့က သံသယရှိကြသည်။ အခြား တစ်ဖက်တွင် မြန်မာ့ သမိုင်းတွင်မည့်သည့်အခါကမှ မရှိခဲ့သည့် အခွင့်အလမ်း သစ်နှင့် နိုင်ငံရေးနေရာ တစ်ခုကိုဖွင့်ပေးခဲ့သည့် ဦးသိန်းစိန်အစိုးရ၏ ကမ်းလှမ်း ချက်ကိုလည်း ၎င်းအဖွဲ့များက သတိရှိရှိဖြင့် အသိအမှတ်ပြုကြသည်။ မယုံကြည်မှု များရှိသည့်တိုင် လက်နက်ကိုင်ပဋိပက္ခကိုအဆုံးသတ်ရန် စစ်ရေး မဟုတ်သော နိုင်ငံရေး အဖြေတစ်ရပ် လိုအပ်သည်ကို အဖွဲ့အများစုက နားလည်ကြသည်။ သို့သော်လည်း ယင်းနိုင်ငံရေးအဖြေကို မည်သို့ရရှိနိုင်မည်နည်းဆိုသည်မှာ အဖွဲ့ အများစုအတွက် အဖြေမတွေ့သေးသည့်မေးခွန်းအဖြစ် ရှိနေကြဆဲဖြစ်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အရှိန်ရလာစဉ် ၂၀၁၂ မေလ ၃ ရက်နေ့တွင် အလွန်အရေးပါသည့် ကော်မတီနှစ်ရပ်ကို ဖွဲ့စည်းခြင်းဖြင့် လုပ်ငန်းစဉ်ကိုပိုမိုကောင်းမွန်စွာ အင်စတီကျူးရှင်နယ်လိုက်လုပ်ရန် အစိုးရကကြိုးပမ်းခဲ့သည်။ ရည်ရွယ်ချက်မှာ ငြိမ်းချမ်းရေး ဖော်ဆောင်ခြင်းလုပ်ငန်းစဉ်၏အစိုးရဘက်အခြမ်းကို ခိုင်မာ စေရန်ဖြစ်သည်။ ဇယား ၁ တွင် ပြထားသလိုပင် သမ္မတဦးဆောင်သည့် ပြည် ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုကော်မတီ (UPCC)ကို နိုင်ငံတော် ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ (NDSC)၏ အဖွဲ့ဝင် ၉ ဦးအပါအဝင် အဖွဲ့ဝင် ၁၁ ဦးဖြင့် တည်ထောင်ခဲ့သည်။ အခြေခံဥပဒေအရ NDSC သည် လုံခြုံရေးနှင့် ပက်သက်သည့်မူဝါဒများ၏ အမြင့်ဆုံးအဆင့်ကို လုပ်ဆောင်ရန်အခွင့် အာဏာရှိ သည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် UPCC သည် NDSC အငယ် အစား အဖြစ် ဖြစ်လာရတော့သည်။ အထူးသဖြင့် မူဝါဒများရေးဆွဲရာတွင် ဖြစ်သည်။ ဒုတိယသမ္မတ စိုင်းမောက်ခမ်း ဦးဆောင်သော ပြည်ထောင်စုငြိမ်း ချမ်းရေးအလုပ်ကော်မတီ (UPWC) ကိုလည်း အစိုးရက ဖွဲ့စည်းခဲ့သည်။ သမ္မတရုံးအမှတ် ၄ ဝန်ကြီးဖြစ်လာခဲ့သူ ဦးအောင်မင်းကိုလည်း UPWC ၏ ဒုတိယဥက္ကဋ္ဌ (၃)ဦးအနက် တစ်ဦးအဖြစ် တာဝန်ပေးခဲ့သည်။ အကောင်အထည် ဖော်ရေးအဆင့် တွင် UPWC ၏ ဦးအောင်မင်းသည် ၂၀၁၂ အောက်တိုဘာတွင် အသစ်ထူထောင်ခဲ့သည့် မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည် ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)၏ထောက်ခံမှုဖြင့် အစိုးရအဖွဲ့၏ စေ့စပ်ညှိနှိုင်းရေးအကြီးအကဲ ဖြစ်လာခဲ့သည်။ MPC သည် သမ္မတအမိန့်ဖြင့် ထူထောင်ထားသည့် အစိုးရ တစ်ပိုင်းအဖွဲ့အစည်းဖြစ်ပြီး ဥရောပသမဂ္ဂ၏ရန်ပုံငွေဖြင့် NGO အဖြစ် လုပ်ကိုင် ဆောင်ရွက်နေခြင်းဖြစ်သည်။ MPC ၏ တစ်မူထူးခြားသည့်အပိုင်းမှာ ၎င်း၏ ဖွဲ့စည်းပုံဖြစ်သည်။ အစိုးရဘက်အခြမ်းမှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိ ၁၃ ဦးတို့သည် ဦးအောင်မင်း ဦးဆောင်သည့် MPC ထိပ်တန်းအမှုဆောင်များအဖြစ် ပါဝင်ကြသည်။ အခြား တစ်ဖက်တွင် MPC လုပ်ငန်းများကို ပညာရှင်များဖြင့် လုပ်ကိုင်ဆောင်ရွက်နေသည်။ ၎င်းတို့အများစုမှာ ဆယ်စုနှစ် နှစ်ခုကျော်ပြည်ပတွင်နေထိုင်ခဲ့ကြသူများဖြစ်ပြီး အချို့မှာသူပုန်ဟောင်းများဖြစ်ကြသည်။ ပြည်တော်ပြန်များအနက် ဝန်ထမ်းမဟုတ်သူများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ နည်းနာဆိုင်ရာမျက်နှာစာများကို အဆင်ပြေချောမွေ့စေရန် MPC ၏ရုံးအဖွဲ့တွင် တာဝန်ထမ်းဆောင်ကြသည်။

UWPC နှင့် UPCC တို့ဖွဲ့ပြီး မကြာမီမှာပင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အလွှာသုံးရပ် (ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်၊ လွှတ်တော်အဆင့်ဆွေးနွေးပွဲများ) နည်းလမ်းကို အစိုးရကကြေညာခဲ့သည်။ ယင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပေါ်ကောက်ကြောင်းဖော်သည့် အစိုးရ၏ပထမဆုံးလုပ်ဆောင်မှုဖြစ်သည်။ ပြည်နယ်အဆင့်စေ့စပ်ညှိနှိုင်းမှုများသည် ကနဦးအပစ်အခတ်ရပ်စဲရေး ဆွေးနွေးရန် ရည်ရွယ်သည်။ ပြည်ထောင်စုအဆင့်နှင့်လွှတ်တော်အဆင့်ဆွေးနွေးပွဲများသည် ၂၀၁၂

မေလတွင်ကြေညာခဲ့သည့်အခြေခံမူ ၈ ချက် ကို အဓိကထားသည်။ ယင်း ၈ ချက်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား နိုင်ငံရေးပါတီအဖြစ် အသွင်ပြောင်းရန် တောင်းဆိုထားပြီး လွှတ်တော်တွင်ပါဝင်ရန်အတွက် လာမည့် ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်နှင့် လွှတ်တော်တွင်းမှနေပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရန် တောင်းဆိုထားသည်။ အဆိုပါအချက် ၈ ချက်သည် ၂၀၁၂ နှစ်လယ်ပိုင်းက သမ္မတ၏ ညွှန်ကြားချက်ဖြင့် စတင်ဖော်ဆောင်ခဲ့သည့်မူများ ဖြစ်သည်။ ဆန့်ကျင်ဘက်အားဖြင့် လက်နက်ကိုင်တပ်ဖွဲ့များက နိုင်ငံရေး အရအဖြေရှာခြင်းကို လွှတ်တော်ပြင်ပတွင် စေ့စပ်ညှိနှိုင်းလိုကြသည်။ အခြား တစ်နည်းအားဖြင့်ဆိုရလျှင် လက်နက်စွန့်ပြီး နိုင်ငံရေးပါတီမထောင်မီ နိုင်ငံရေးအရ နှစ်ဖက်ဆွေးနွေးပြီး အဖြေကိုအရင်ဆုံးရှာရန် ၎င်းတို့က မျှော်လင့်ထားခဲ့ကြသည်။ အစပိုင်းတွင် အမြင်အားဖြင့် အခြေခံကျသော ကွဲပြားမှုများရှိနေသည့် တိုင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သစ်တွင်ပါဝင်ရန် အားလုံးက နိုင်ငံရေးအရ စွန့်စားရ နိုင်ခြေများကို လက်ခံခဲ့ကြသည်။ အခြားတစ်ဖက်တွင်အစိုးရက မူ ၈ ရပ်[၁၀]ကို ပြန်လည်ရုပ်သိမ်းခဲ့ပြီး လက်နက်မစွန့်မီ နိုင်ငံရေးနည်းလမ်းအရအဖြေရှာရန်ကိုသာ ပဓာနကျသောနည်းလမ်းအဖြစ် လက်ခံပြီး နိုင်ငံရေးအရနှစ်ဖက်ဆွေးနွေးမှုများကို ပြုလုပ်မည်ဟုထပ်မံပြောဆိုခဲ့သည်။

၂၀၁၁ မတိုင်မီနှင့်လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကြား အဓိက ကွဲပြားချက်တစ်ခုမှာ အဓိကကျသော အစိုးရအဖွဲ့အစည်း များကြား ပါဝါများ မျိုးစုံကွဲပြားခြင်းဖြစ်သည်။ အစောပိုင်းလုပ်ငန်းစဉ်များတွင် စစ်တပ်၏အမိန့်အတိုင်း လုပ်ဆောင်ရသည့် တပ်မတော် ထောက်လှမ်းရေး(MI)သည် အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်များကို စီမံခန့်ခွဲရန်တာဝန်ယူထားသည့် တစ်ခုတည်းသောအဖွဲ့ဖြစ်သည်။ ဆန့်ကျင်ဘက်အားဖြင့် လတ်တလောငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ထိပ်ဆုံးပိုင်းရှိ ဆုံးဖြတ်ချက်ချသည့်အဆင့်မှ အောက်ခြေပိုင်း အကောင်အထည်ဖော်သည့် အဆင့်အထိ ညှိနှိုင်းဆောင်ရွက်ရန် များစွာသောအဖွဲ့အစည်းများ လိုအပ်ခြင်းဖြစ်သည်။ အစိုးရအဖွဲ့၊ တပ်မတော်နှင့်တပ်မတော် ၂၅ ရာခိုင်နှုန်းပါဝင်သော လွှတ်တော်တို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိကကျသည့် ကစားသူများဖြစ်ကြသည်။ အစိုးရအဖွဲ့ရှိတာဝန်ရှိသည့်ဝန်ကြီးဌာနများကြားမှာပင် ငြိမ်းချမ်းရေးသဘောတူညီချက်များတွင်ဖော်ပြထားသည့် စစ်ရေး မဟုတ်သောကိစ္စရပ်များကို အကောင်အထည်ဖော်ရန် ဌာနချင်းညှိနှိုင်းဆောင်ရွက်ရေးသည် မရှိမဖြစ်လိုအပ်နေသည်။

ဇယား ၁ တွင် ပြဆိုထားသည့်အတိုင်း UPCC နှင့် UPWC အောက်တွင် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးကော်မတီများ (SPC) သည် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား ဆက်ဆံရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့်အပစ်အခတ်ရပ်စဲရေးများ အကောင်အထည်ဖော်ခြင်းတို့တွင် အရေးကြီး

၁၀။ လုပ်ငန်းစဉ်၏ မူ ၈ ရပ်မှာ (၁) ပြည်ထောင်စုအတွင်းမှ မည်သည့်အခါမျှ ခွဲမထွက်ရန်၊ (၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကိုသဘောတူရန်၊ (၃) စီးပွားရေးလုပ်ငန်း၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဥပဒေနှင့်အညီ နှစ်ဦးနှစ်ဖက်ပူးတွဲ၍ တရားဝင်ဆောင်ရွက်ရန်၊ (၄) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများတိုက်ဖျက်ရေးအား ပူးပေါင်းဆောင်ရွက်ရန်၊ (၅) ပါတီထူထောင်၍ ရွေးကောက်ပွဲဝင်ရန်၊ (၆) ဖွဲ့စည်းပုံ အခြေခံဥပဒေအားလက်ခံရန်နှင့် ပြင်ဆင်လိုသည့်ကိစ္စများရှိပါက လွှတ်တော်အတွင်း၌ အများသဘောတူဆန္ဒနှင့်အညီ ဆောင်ရွက်ရန်၊ (၇) ထာဝရငြိမ်းချမ်းရေးအတွက် ဥပဒေဘောင်အတွင်းသို့ အပြီးအပိုင်ဝင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တန်းတူညီတူနေထိုင်၊ သွားလာ၊ လုပ်ကိုင်၊ စားသောက်ရန်၊ (၈) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တခုတည်းသော လက်နက်ကိုင် အဖွဲ့အစည်းအဖြစ် အသွင်ကူးပြောင်းရေးကို ညှိနှိုင်းဆောင်ရွက်ရန်။

သော အခန်းကဏ္ဍမှ ပါဝင်ကပြလျက်ရှိသည်။ SPC များတွင် ပြည်နယ်အစိုးရများမှ ကိုယ်စားလှယ်များနှင့်တိုင်းစစ်ဌာနချုပ်များအောက်ရှိ တပ်မတော်အရာရှိများဖြင့် ဖွဲ့စည်းထားသည်။ ယေဘုယျအားဖြင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ နှင့် ဗိုလ်ချုပ်ကြီးခင်ညွန့်ရာထူးမှဖယ်ရှားခံရပြီးနောက် လက်နက်ကိုင်အဖွဲ့များ မှဆက်ဆံရေးအရာရှိများနှင့် တိုက်ရိုက်ဆက်ဆံရန် တပ်မတော်ထောက်လှမ်းရေး နေရာတွင်အစားဝင်လာသည့် စစ်ဘက်ရေးရာလုံခြုံရေးဌာနမှ ဗိုလ်မှူးကြီးအဆင့် အရာရှိများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ပဋိပက္ခဖြစ်ပွားသည့်ပြည်နယ်နှင့်တိုင်း ၁၀ ခုမှ ယင်းပုဂ္ဂိုလ်များသည် အောက်ခြေအဆင့်တွင် ဖြစ်ပေါ်လာနိုင်သော စစ်ရေးတိုက်ပွဲများကိုလျှော့ချရာတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အခြားတစ်နည်းဖြင့် ဆိုရလျှင် ဆက်ဆံရေး အကောင်အထည်ဖော်ခြင်းသည် လတ်တလောအားဖြင့် အပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်သည့် အဖွဲ့များကို အထောက်အကူဖြစ်စေသည့် နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းစဉ်များသာ ဖြစ်သည်။

ဇယား ၁ ၊ မြန်မာအစိုးရ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖွဲ့စည်းတည်ဆောက်ပုံ




၁၁။ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးကော်မတီ များတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်ရှေ့နေချုပ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနပြည်နယ်ရုံးအကြီးအကဲတို့ ပါဝင်သည်။ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးသည် တပ်မတော်ကတာဝန် ပေးထားသည့် ဗိုလ်မှူးကြီးအဆင့်ရှိသူဖြစ်ပြီး ပြည်နယ်အဆင့် အရပ်ဘက်အုပ်ချုပ်ရေးနှင့် စစ်တပ်ကြားပေါင်းကူးအဖြစ်ဆောင်ရွက်ပေးသည်။

၎င်း၏အဓိကကျသော သက်ဆိုင်သူများကြားငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အဖွဲ့အစည်းမှုဘောင်သွင်းရန် အစိုးရကကြိုးပမ်းနေစဉ် အစိုးရနှင့်စုပေါင်းစေ့စပ်ညှိနှိုင်းရန် မိမိတို့အဖွဲ့များကြား ညှိနှိုင်းဆောင်ရွက်ရေးကိုလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ကြိုးပမ်းလျက်ရှိသည်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ခုရရှိရန် စုပေါင်းပြီး အစိုးရနှင့်စေ့စပ်ညှိနှိုင်းရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(NCCT)ကို မကြာသေးမီက ဖွဲ့စည်းခဲ့သည်။ ၂၀၁၃ နိုဝင်ဘာအစောပိုင်းတွင် လိုင်ဇာရှိရင်း၏ဌာနချုပ်တွင် တိုင်းရင်းသားခေါင်း

ဆောင်များအစည်းအဝေးကျင်းပရန် ကေအိုင်အို၏အဆိုပြုချက်[၁၂]အား အစိုးရက သဘောတူခဲ့ပြီးနောက် NCCT ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ NCCT ဖွဲ့စည်းလိုက်ခြင်းသည် အချို့နေရာများတွင် အစိုးရနှင့်စေ့စပ်ညှိနှိုင်းရာ၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးကို ကိုယ်စားပြုရန် နောက်ဆုံးဖွဲ့စည်း ထားသည့် (UNFC)၏ ခေါင်းဆောင်မှုကိုငြင်းပယ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချို့ရှိခဲ့သည့် မဟာမိတ်နိုင်ငံရေးကို ကျော်လွှားရာတွင်လည်း အထောက်အကူဖြစ်စေသည်။ လိုင်ဇာအစည်းအဝေးသို့ အစိုးရက ဆွေးနွေးဖက်များအဖြစ် အသိအမှတ်ပြုထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၂ ဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး အခြား ၄ ဖွဲ့မှာ UNFC တွင်ပါဝင်သည့်အဖွဲ့များဖြစ်ကြသည်။[၁၃] အစိုးရနှင့် NCCT ကြား ပထမဆုံးသောပြုလုပ်သည့် အစည်းအဝေးတွင် သဘောတူညီချက် တစ်စုံတစ်ရာ မရရှိခဲ့သော်လည်း စေ့စပ်ညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းစဉ်တစ်ရပ်ကို နှစ်ဖက်စလုံးက ထူထောင်ခဲ့ကြသည်။ အစိုးရနှင့် NCCT ကြား စုပေါင်းဆွေးနွေးမှုသည် မြန်မာနိုင်ငံ၏ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခတွင် မျှော်မှန်းမထားသည့် နောက်ထပ်သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ခဲ့သည်။

အောက်တွင်ဖော်ပြထားသည့်ဇယားသည် အစောပိုင်းနှင့် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအကြား အဓိကကျသော ကွဲပြားချက်များကို အကျဉ်းချုပ် ဖော်ပြထားသည်။ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် လွန်ခဲ့သည့် ၂၅ နှစ်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များတောင်းဆိုခဲ့သည့် နိုင်ငံရေးဆွေးနွေးပွဲဆီသို့ ဦးတည်နေပြီး ပိုမိုပွင့်လင်းမြင်သာမှုရှိသည်ဟု ကွဲပြားချက်များက ပြသနေသည်။

၁၂။ ၂၀၁၃ အောက်တိုဘာတွင် မြစ်ကြီးနား၌ကျင်းပခဲ့သည့်ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အားလုံးပါဝင်မည့် အစည်းအဝေးတစ်ခုကျင်းပရန် ဗိုလ်ချုပ်ဂွမ်မော်က အဆိုပြုခဲ့ကာ အစိုးရစေ့စပ်ညှိနှိုင်းရေးအဖွဲ့ အကြီးအကဲ ဦးအောင်မင်းက မဆိုင်းမတွ သဘောတူခဲ့သည်။

၁၃။ WNO၊ LDU၊ AA ၊ ANC တို့သည် UNFC အဖွဲ့ဝင်များဖြစ်ပြီး အစိုးရ၏တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့စာရင်းတွင်မပါဝင်ပေ။

ဇယား ၂၊ ၂၀၁၁ မတိုင်မီနှင့်လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအကြား အဓိကကွာခြားချက်များ

| တပ်မတော်အစိုးရလက်ထက် ၂၀၁၁ မတိုင်မီအပစ်အခတ်ရပ်စဲရေး | သမ္မတဦးသိန်းစိန်အစိုးရလက်ထက် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ် |
|---|---|
| အပစ်အခတ်ရပ်စဲရေးများကို အဖွဲ့တစ်ဖွဲ့ ချင်းစီနှင့် နှစ်ဖက်သဘောတူ ပြုလုပ်ခဲ့ကြသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မပြုလုပ်ခဲ့။ ညွှန့်ပေါင်း အဖွဲ့တစ်ဖွဲ့ဖွဲ့နှင့် ဆွေးနွေးရန်ကိုမူ အစိုးရငြင်းဆိုခဲ့သည်။ | အပစ်အခတ်ရပ်စဲရေးများကို တစ်ဖွဲ့ချင်းစီနှင့် နှစ်ဖက်သဘောတူ စတင်ခဲ့သော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်ခတ်ရပ်စဲရေး ရရှိရန် အဖွဲ့များစွာပါဝင်သောကြိုးပမ်းမှု တစ်ရပ်ကို ဖော်ဆောင်ခဲ့သည်။ |
| အပစ်အခတ်ရပ်စဲရေးအောင်မြင်ခဲ့သော်လည်း နိုင်ငံရေးဆွေးနွေးပွဲ ပြုလုပ်ရန် အစိုးရက ငြင်းဆိုခဲ့သည်။ | နိုင်ငံရေးဆွေးနွေးပွဲက အခရာဖြစ်ပြီး နှစ်ဖက်စလုံးက တောင်းဆိုခဲ့ကြသည်။ နိုင်ငံရေး ဆွေးနွေးပွဲပြုလုပ်ရန် အာမခံကြောင်း အစိုးရက ကြေညာချက်အမျိုးမျိုးတွင် ဖော်ပြခဲ့သည်။ |
| ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် အလွန်အရေးကြီးသော ဆုံးဖြတ် ချက်များချမှတ်ရာတွင် တပ်မတော်ထောက်လှမ်းရေးသည် အဓိကကစားသူဖြစ်ခဲ့သည်။ | အစိုးရအင်စတီကျူးရှင်း အမျိုးမျိုးပါဝင်ကြသည်။ သဘောတူညီချက်ကို အကောင်အထည်ဖော်ရန် အဖွဲ့များအကြား ညှိနှိုင်းဆောင်ရွက်လိုသည်။ |
| အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကို တရားဝင်လက်မှတ်ရေး ထိုးခြင်းမရှိခဲ့။ သဘောတူညီချက်များကို ထုတ်ဖော်ခဲ့ခြင်း မရှိခဲ့ပေ။ | အစိုးရသည် အဖွဲ့အားလုံးနှင့်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့သည်။ သဘောတူညီချက်များကို လူသိရှင်ကြား ထုတ်ပြန်ခဲ့သည်။ |
| နိုင်ငံတကာအသိုင်းအဝိုင်းမှ ပါဝင်ခြင်းမရှိခဲ့။ | ငြိမ်းချမ်းရေး စေ့စပ်ညှိနှိုင်းမှုများတွင် ကုလသမဂ္ဂနှင့်တရုတ်တို့ကိုလေ့လာ စောင့်ကြည့်သူများအဖြစ် ခွင့်ပြုခဲ့သည်။ |
| ပြည်တွင်းပြောင်းရွှေ့နေထိုင်သူများ(IDPs)ကို အကူအညီပေးရန် နိုင်ငံ တကာလူသားချင်း စာနာထောက် ထားရေးအေဂျင်စီများကို ခွင့်မပြုခဲ့။ | စစ်ဘေးဒဏ်ခံရသည့်ပြည်သူများကိုကူညီရန် ကုလသမဂ္ဂအေဂျင်စီများနှင့် အရပ်ဘက်အဖွဲ့အစည်းများကို ခွင့်ပြုခဲ့သည်။ |
| အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်များကို အထောက်အပံ့ပေးရန် နိုင်ငံတကာ အကူအညီများ တောင်းခံခဲ့ခြင်းမရှိခဲ့။ | လက်ရှိဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နိုင်ငံတကာ အလှူရှင်များက ရန်ပုံငွေထောက်ပံ့ပေးနေသည်။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြည်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန(MPC) နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုအထောက် အပံ့ပြုနေသည့် အဖွဲ့အစည်းများကို ဥရောပသမဂ္ဂက ရန်ပုံငွေထောက်ပံ့ ပေးနေသည်။ |

# ၃။ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်အရ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ

အစိုးရ၏ ကနဦးငြိမ်းချမ်းရေးအစီအစဉ်အရ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို နမူနာပုံစံနှစ်မျိုးဖြင့် ဆွေးနွေးညှိနှိုင်းခဲ့သည်။ ပထမအဆင့်မှာ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲများဖြစ်ပြီး နောက်အဆင့်မှာ ပြည်ထောင်စုအဆင့် သဘောတူညီချက်များဖြစ်သည်။ ပထမအဆင့်တွင် ပစ်ခတ်မှုများကိုရပ်တန့်ရန် ရည်ရွယ်သည်။ ဒုတိယအဆင့်တွင် ပိုမိုကျယ်ပြန့်သော နှစ်ဖက် ဆွေးနွေးမှုများ အထူးသဖြင့် ပြည်နယ်အဆင့်ဆွေးနွေးပွဲများတွင် မပါဝင်ခဲ့သောကိစ္စရပ်များကို ဖော်ဆောင်ရန်ရည်ရွယ်သည်။ ပုံမှန်အားဖြင့် ကြားဝင်ဆောင်ရွက်သူများသည် ပြည်နယ်အဆင့်ဆွေးနွေးပွဲများမတိုင်မီ နှစ်ဖက်ကြားကူးချည်သန်းချည်သွားလာကြရသည်။ ပြည်နယ်အဆင့်ဆွေးနွေးပွဲများတွင် သဘောတူခဲ့သည့်အချက်များမှာ (၁) အပစ်အခတ်ရပ်စဲထားရန်၊ (၂) သတ်မှတ်ဧရိယာအပြင်ဘက် တွင်လက်နက်များ ကိုင်ဆောင်ခြင်းမပြုရန်၊ (၃) နှစ်ဖက်စလုံးက သတ်မှတ်ထားသည့်ဧရိယာများအတိုင်း ဆက်လက်ထားရှိရန်၊ (၄) နှစ်ဖက်သတ်မှတ်ထားသည့်နေရာဒေသများတွင်ဆက်ဆံရေးရုံးများဖွင့်လှစ်ရန်နှင့် (၅) ပြည်ထောင်စုအဆင့်ဆွေးနွေးပွဲရက်ကို သတ်မှတ်ရန်တို့ဖြစ်သည်။ ယင်းအချက်ငါးချက်သည် ပြည်နယ်အဆင့်ဆွေးနွေးပွဲများတွင် နမူနာပုံစံအဖြစ် ချမှတ်ထားပြီးဖြစ်ကာ ကာကွယ်ရေးဝန်ကြီးနှင့် သက်ဆိုင်ရာပြည်နယ်၏ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အစိုးရဘက်မှ ပင်မအားဖြင့် လက်မှတ်ရေးထိုးရသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ အလားတူရာထူးအဆင့်အတန်းရှိသည့် ခေါင်းဆောင်ကလည်း သဘောတူညီချက်ကို လက်မှတ်ရေးထိုးရသည်။

ပြည်နယ်အဆင့်သဘောတူညီချက်များသည် ရိုးရှင်းပြီးအလွန်အရေးကြီးသည့် နိုင်ငံရေးကိစ္စရပ်များပါဝင်ခြင်းမရှိပေ။ သို့သော်လည်း အနာဂတ်ကာလတွင် နိုင်ငံရေးဆွေးနွေးမှုများပြုလုပ်ပါမည်ဟု အစိုးရဘက်ကမသေချာလျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အများစုက ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များတွင် လက်မှတ်ရေးထိုးခြင်း မပြုကြပေ။ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အထူးသဖြင့် ဦးအောင်မင်း ဦးဆောင်သည့်အဖွဲ့က ပြုလုပ်သည့်ဆွေးနွေးပွဲများသည် တရားဝင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲမတိုင်မီ အလွတ်သဘောဆွေးနွေးမှုများဖြင့် အကြိုညှိနှိုင်းထားကြသည်။ အလွတ်သဘော အကြိုဆွေးနွေးမှုများသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းပေးပြီး အဖွဲ့များ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာစေရန် လုံလောက်သည့် ယုံကြည်မှုများ ရရှိစေသည်။ တပ်မတော်အစိုးရလက်ထက်တွင် ယခင်ငြိမ်း ချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ခဲ့ခြင်းမရှိသည့်

အဖွဲ့အများစုကမူ လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားစေသည့်အရေးကိစ္စများဖြေရှင်းရန်အတွက် နိုင်ငံရေးဆွေးနွေးပွဲကို မဖြစ်မနေ ထည့်သွင်းရန် အစိုးရအား တောင်းဆိုခဲ့သည်။ ထိုစဉ် နိုင်ငံရေးဆွေးနွေးပွဲမတိုင်မီ အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်ကာလအတွင်း အစိုးရက ဖြေရှင်းပေးစေလိုသည့်ကိစ္စရပ်အများအပြားကိုလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက တောင်းဆိုခဲ့ကြသည်။ လက်ရှိ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများသည် အမှန်တကယ်အားဖြင့် နိုင်ငံရေး ဆွေးနွေးပွဲအကြို စိုးရိမ်ပူပန်စရာအချို့ကို ဖြေရှင်းခြင်းဖြင့် ပါဝင်ကြသူများအကြား ယုံကြည်မှု တည်ဆောက်ရန် ရည်ရွယ်သည်။ ဥပမာအားဖြင့် ပြည်ထောင်စုအဆင့်ဆွေးနွေးပွဲ များ၏ဆွေးနွေးမှုအချို့တွင် အလွန်ကြီးမားသော အခြေခံအဆောက်အအုံ စီမံကိန်းများနှင့် ဆက်နွယ်သည့် သဘာဝပတ်ဝန်းကျင်ရေးရာကိစ္စရပ်များ ပါဝင်သည်။

ဇယား ၃ တွင်ပြသထားသည့်အတိုင်း ပြည်ထောင်စုအဆင့်ငြိမ်းချမ်း ရေးဆွေးနွေးပွဲများသည် အပစ်အခတ်ရပ်စဲရေးကာလ အလွန်တွင်ရှိသည့် ပုံစံအမျိုးမျိုးဖြင့်ရှိကြသည့်ကိစ္စရပ်များစွာကို ဖြေရှင်းရန်ရည်ရွယ်သည်။ ပုံမှန်အားဖြင့် နှစ်ဖက်စလုံးမှ ထိပ်တန်း ခေါင်းဆောင်များသည် ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲများတွင်ပါဝင်ကြပြီး ဆွေးနွေးပွဲကို နိုင်ငံရေးအကျဉ်းသားများ၊ လူဝင်မှုကြီးကြပ်ရေး၊ လူ့အခွင့်အရေး၊ ဖွံ့ဖြိုးရေးနှင့် အဖွဲ့တစ်ဖွဲ့ဖွဲ့နှင့် ဆိုင်သောအသေးစိတ်ကိစ္စရပ်များကဲ့သို့ လတ်တလောကိစ္စရပ်များကို ဖြေရှင်းရန် နိုင်ငံရေးဆွေးနွေးပွဲပုံစံအဖြစ် ကျင်းပကြသည်။ ပြည်ထောင်စုအဆင့်ဆွေးနွေးပွဲများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက တင်ပြသောစိုးရိမ်ပူပန်မှုများကို နားထောင်နိုင်စွမ်းနှင့်ဖြေရှင်းနိုင်စွမ်း မိမိတွင်မည်မျှရှိသည်ကို အစိုးရကပြသသည့် ဆွေးနွေးနှီးနှောခြင်း တစ်ပိုင်းဖိုရမ်တစ်ခုအနေဖြင့် ကျင်းပခဲ့ကြသည်။ အချို့သော အင်အားကြီးသည့်အဖွဲ့များကမူ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်က တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခကိုဖြေရှင်းရန် နိုင်ငံရေးဆွေးနွေးပွဲဖြစ်ထွန်းလာရေးကို အစိုးရက အာမခံချက်ပေးရန် လိုလားကြသည်။ တစ်ချိန်တည်းမှာပင် လက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့၏တောင်းဆိုချက်များကို အစိုးရကဖြည့်ဆည်းပေးရန် မျှော်လင့်ရင်း ပြည်ထောင်စုအဆင့်ဆွေးနွေးပွဲများကို တစ်ဖက်နှင့်တစ်ဖက် အပေးယူလုပ်သည့်အခွင့်အလမ်းအဖြစ် အသုံးပြုကြသည်။ ရလဒ်အားဖြင့် ယနေ့အချိန်အထိ ပြည်ထောင်စုအဆင့်ဆွေးနွေးပွဲများရှိ အကြောင်းအရာများ၏ ၉၀ ရာခိုင်နှုန်းကျော်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက အဆိုပြုခဲ့သည့်အကြောင်းအရာများဖြစ်နေခဲ့သည်။ ပြည်ထောင်စုအဆင့်ဆွေးနွေးပွဲများတွင် အစိုးရသည် ဆွေးနွေးညှိနှိုင်းခြင်းထက် လက်နက်ကိုင်အဖွဲ့များ၏ လိုအပ်ချက်များ/တောင်းဆိုချက်များကို ဖြည့်ဆည်းပေးရခြင်းများဖြင့် တုံ့ပြန်ခဲ့ရသည်။ ယင်းသို့ မကြုံစဖူးဖြည့်ဆည်းပေးရမှုများကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကြား သံသယများဖြစ်ပေါ်ခဲ့ပြီး အစိုးရက အပစ်အခတ်ရပ်စဲရေး ပြု

လုပ်ရခြင်းမှာ နိုင်ငံခြားအထောက်အပံ့များနှင့် နိုင်ငံရေးအရ တရားဝင်ဖြစ်မှု လိုချင်သောကြောင့်လုပ်ရသည်ဟု မြင်ကြသည်များ ရှိခဲ့သည်။ အခြားတစ်ဖက်တွင်မူ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များအပေါ် သက်ညှာသည်ဟု ဆွေးနွေးညှိနှိုင်းရေးအကြီးအကဲ ဦးအောင်မင်းအား အစိုးရအဖွဲ့နှင့် လွှတ်တော်တွင်းမှ ပုဂ္ဂိုလ်အချို့က ဝေဖန်ခဲ့သည်။ သို့တိုင် အစိုးရနှင့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား စဉ်ဆက်မပြတ်ထိတွေ့ဆက်ဆံမှု နှစ်နှစ်ကြာပြီး နောက် တိုင်းရင်းသားပဋိပက္ခကိုဖြေရှင်းရန် ၎င်း၏ဆွေးနွေးဖက်ဖြစ်နိုင်သည့် အလွန်အရေးကြီးသောသက်ဆိုင်သူ တစ်ယောက်အဖြစ် ဦးအောင်မင်းအား စတင်ရှုမြင်ခဲ့ကြသည်။ လောလောဆယ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အစိုးရအဖွဲ့အတွင်း ဦးအောင်မင်း ထက်ကောင်းမွန်သည့် ဆွေးနွေးဖက်ကို ရှာမတွေ့ပေ။

အစိုးရနှင့်လက်နက်ကိုင်အဖွဲ့ ၁၄ ဖွဲ့တို့သည် ပြည်နယ်နှင့်ပြည်ထောင်စုအဆင့် နှစ်ခုစလုံးတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ၃၄ ခုကို လက်မှတ်ရေးထိုးပြီး ဖြစ်သည်။ ကေအိုင်အိုသည် အစိုးရနှင့်သဘောတူညီချက်နှစ်ခု လက်မှတ်ရေးထိုးခဲ့သည်။ အစိုးရနှင့်အခြားလက်နက်ကိုင်အဖွဲ့များကြား ပြည်နယ်အဆင့်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အများစုထက် ပိုပြီး ကျယ်ပြန့်ပြည့်စုံသည့် အစိတ်အပိုင်းများပါဝင်ခဲ့သည့်တိုင် လိုအပ်ချက်များရှိနေဆဲဖြစ်သည်။ ယခင်အပစ်အခတ်ရပ်စဲရေးသဘော တူညီချက်များလိုမဟုတ်ဘဲ လတ်တလောဆွေးနွေးပွဲအများစုကို အများပြည်သူရှေ့မှောက်တွင် လေ့လာသုံးသပ်သူများ၏ရှေ့၌ အချောသတ်ခဲ့ကြသည်။ သဘောတူညီချက်များ မီဒီယာများသို့ဖြန့်ဝေပြီး အများပြည်သူသိအောင် ထုတ်ပြန်ခဲ့သည်။ မကြာမီစဖူးပင် ကေအိုင်အိုနှင့် အစိုးရကြားကျင်းပခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို လေ့လာသုံးသပ်ရန် ကုလသမဂ္ဂနှင့်တရုတ်တို့အား လေ့လာသုံးသပ်သူများအဖြစ် ခွင့်ပြုခဲ့သည်။ အတိတ်နှင့်နှိုင်းယှဉ်လျှင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် ပွင့်လင်းမြင်သာမှုရှိပြီး အများပြည်သူများသို့ ကျယ်ကျယ်ပြန့်ပြန့်ထုတ်ပြန်ခဲ့သည်။ သို့တိုင် သဘောတူညီချက်အားလုံးကို အကောင်အထည်ဖော်ရေးသည် စိန်ခေါ်မှုတစ်ရပ်အဖြစ် ရှိနေဆဲဖြစ်သည်။

၁၂။ ရခိုင်လွတ်မြောက်ရေးပါတီ(ALP)၊ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (Khaplang) နှင့် ကရင်အမျိုးသားအစည်းအရုံး(ငြိမ်းချမ်းရေးကောင်စီ) KNU(PC)သည် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ပါဝင်ခြင်း မရှိခဲ့သည့် နှစ်ခုတည်းသော အဖွဲ့ဖြစ်သည်။

**Table 3: Summary of Ceasefire Agreement Review in Myanmar's New Peace Process**

| No | Group | Process Phase | Date | Malitary | DMZ | Carrying Weapon | Malitary Zone | Pecruiting Troops | Weapon Procurement |
|---|---|---|---|---|---|---|---|---|---|
| 1 | ABSDF | SL | 5.8.2013 | 1 | 0 | 1 | 0 | 0 | 0 |
| | | UL | 10.8.2013 | 1 | 0 | 0 | 0 | 0 | 0 |
| 2 | ALP | SL | 5.4.2012 | 1 | 0 | 1 | 0 | 0 | 0 |
| 3 | CNF | SL | 6.1.2012 | 1 | 0 | 1 | 1 | 1 | 0 |
| | | 1st UL | 7.5.2012 | 1 | 0 | 1 | 1 | 0 | 0 |
| | | 2nd UL | 9.12.2012 | 1 | 0 | 1 | 1 | 0 | 0 |
| 4 | DKBA | SL | 3.11.2011 | 1 | 0 | 1 | 1 | 0 | 0 |
| | | Pre UL | 11.12.2011 | 1 | 0 | 0 | 1 | 0 | 0 |
| | | UL | 26.2.2012 | 1 | 0 | 1 | 1 | 0 | 0 |
| 5 | KNPP | SL | 7.3.2012 | 1 | 0 | 0 | 0 | 0 | 0 |
| | | UL | 9.6.2012 | 1 | 0 | 0 | 0 | 0 | 0 |
| | | 2nd UL | 20.6.2012 | 1 | 0 | 0 | 0 | 0 | 0 |
| | | 3rd UL | 23.10.2013 | 1 | 0 | 0 | 0 | 0 | 0 |
| 6 | KNU | Pre SL | 12.1.2012 | 1 | 0 | 1 | 1 | 1 | 0 |
| | | Pre UL | 12.1.2012 | 1 | 0 | 0 | 0 | 0 | 0 |
| | | 2nd UL | 4.9.2012 | 1 | 0 | 1 | 1 | 1 | 0 |
| 7 | KNU/ KNLA (PC) | SL | 7.2.2012 | 1 | 0 | 1 | 1 | 1 | 0 |
| 8 | NDAA | Pre SL | 7.9.2012 | 1 | 0 | 1 | 0 | 0 | 0 |
| | | Pre UL | 9.10.2011 | 1 | 0 | 0 | 0 | 0 | 0 |
| | | UL | 27.12.2011 | 1 | 0 | 0 | 0 | 0 | 0 |
| 9 | NMSP | SL | 25.2.2012 | 1 | 0 | 1 | 1 | 0 | 0 |
| | | Pre UL | 25.2.2013 | 1 | 0 | 0 | 0 | 1 | 1 |
| 10 | NSCN-K | SL | 9.4.2012 | 1 | 0 | 1 | 0 | 0 | 0 |
| 11 | PNLO | SL | 25.8.2012 | 1 | 0 | 1 | 1 | 0 | 0 |
| | | UL | 23.3.2013 | 1 | 0 | 0 | 0 | 0 | 0 |
| 12 | RCSS | SL | 2.12.2011 | 1 | 0 | 1 | 1 | 0 | 0 |
| | | 1st UL | 16.1.2012 | 1 | 0 | 1 | 1 | 0 | 0 |
| | | 2nd UL | 19.5.2012 | 0 | 0 | 0 | 1 | 0 | 0 |
| 13 | SSPP | SL | 28.1.2012 | 1 | 0 | 1 | 1 | 0 | 0 |
| | | UL | 28.1.2012 | 1 | 0 | 0 | 0 | 0 | 0 |
| | | UL | 11.5.2013 | 1 | 0 | 0 | 0 | 0 | 0 |
| 14 | UWSA | Pre SL | 6.9.2011 | 1 | 0 | 1 | 1 | 0 | 0 |
| | | Pre UL | 1.10.2011 | 1 | 0 | 0 | 0 | 0 | 0 |
| | | UL | 26.12.2012 | 1 | 0 | 0 | 0 | 0 | 0 |
| | | UL | 12.7.2013 | 1 | 0 | 0 | 0 | 0 | 0 |
| 15 | KIA | pre-CS | 30.5.2013 | 1 | 0 | 0 | 0 | 0 | 0 |
| | | pre-CS | 10.10.2013 | 1 | 0 | 1 | 1 | 1 | 1 |

REF:0=NO, 1=YES; SL=State Level; UL=Union Levle; CS=ceasefire; DMZ=Demilitarized Zone

| Buffer Zone | Tax | Child Soldiers | Forced Labour | Human Right | Eco | Prisoners | Dev | Drugs | Ethnic Dialects Culture | Political Dialogue | NGOs | Demining | Monitoring | IDP/ Refugee | Legal |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0 | 0 | 0 | 0 | 0 | 0 | 1 | 1 | 0 | 0 | 1 | 1 | 0 | 1 | 0 | 1 |
| 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0 | 0 | 0 | 0 | 1 | 1 | 0 | 1 | 1 | 0 | 0 | 1 | 0 | 0 | 0 | 0 |
| 0 | 0 | 0 | 0 | 1 | 0 | 1 | 1 | 1 | 0 | 1 | 1 | 0 | 1 | 1 | 1 |
| 0 | 0 | 0 | 0 | 1 | 1 | 0 | 1 | 0 | 1 | 1 | 1 | 0 | 0 | 0 | 1 |
| 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0 | 0 | 0 | 0 | 0 | 0 | 0 | 1 | 1 | 0 | 1 | 0 | 0 | 0 | 1 | 0 |
| 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0 | 0 | 0 | 0 |  | 1 | 1 | 1 | 1 | 0 | 0 | 1 | 0 | 1 | 1 | 0 |
| 0 | 0 | 0 | 0 | 0 | 0 | 0 | 1 | 0 | 0 | 1 | 1 | 1 | 1 | 1 | 0 |
| 0 | 0 | 0 | 0 | 0 | 1 | 0 | 1 | 1 | 0 | 1 | 1 | 1 | 1 | 1 | 0 |
| 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0 | 1 | 0 | 1 | 1 | 0 | 1 | 1 | 0 | 0 | 0 | 0 | 0 | 1 | 0 | 0 |
| 0 | 1 | 1 | 1 | 1 | 0 | 1 | 0 | 0 | 1 | 0 | 1 | 1 | 1 | 1 | 0 |
| 0 | 0 | 0 | 0 | 1 | 1 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 1 | 0 |
| 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0 | 0 | 0 | 0 | 0 | 1 | 0 | 1 | 1 | 0 | 1 | 0 | 0 | 0 | 0 | 0 |
| 0 | 0 | 0 | 0 | 0 | 1 | 0 | 1 | 0 | 0 | 1 | 0 | 0 | 0 | 0 | 0 |
| 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0 | 0 | 0 | 1 | 1 | 0 | 1 | 1 | 1 | 0 | 1 | 1 | 0 | 0 | 0 | 1 |
| 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0 | 0 | 0 | 0 | 1 | 1 | 0 | 1 | 1 | 1 | 1 | 1 | 1 | 0 | 0 | 1 |
| 0 | 0 | 0 | 0 | 0 | 0 | 0 | 1 | 1 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0 | 0 | 0 | 0 | 0 | 1 | 0 | 1 | 1 | 0 | 0 | 0 | 0 | 0 | 1 | 0 |
| 0 | 0 | 0 | 0 | 1 | 1 | 1 | 1 | 1 | 1 | 0 | 1 | 0 | 1 | 1 | 1 |
| 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0 | 0 | 0 | 0 | 0 | 0 | 0 | 1 | 1 | 0 | 1 | 0 | 0 | 0 | 0 | 0 |
| 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0 | 0 | 0 | 0 | 0 | 1 | 0 | 1 | 1 | 0 | 1 | 1 | 0 | 0 | 0 | 0 |
| 0 | 0 | 0 | 0 | 0 | 1 | 0 | 1 | 0 | 0 | 1 | 0 | 0 | 0 | 0 | 0 |
| 0 | 0 | 0 | 0 | 0 | 1 | 0 | 1 | 1 | 0 | 1 | 1 | 0 | 0 | 0 | 0 |
| 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 1 | 1 | 0 |
| 0 | 1 | 0 | 0 | 1 | 0 | 0 | 0 | 0 | 0 | 0 | 1 | 1 | 1 | 1 | 0 |

Eco=Economic; Legal=Land/17(1)/Citizenship; Dev=Health, Education, Social Welfare

# ၄။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်းနှင့် စိန်ခေါ်မှုများကို ဖြေရှင်းခြင်း

ယေဘုယျအားဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များသည် ပြည်နယ်အဆင့်သဘောတူညီချက်နှင့် ပြည်ထောင်စုအဆင့်သဘောတူညီချက် စသည့်ပုံစံနှစ်မျိုးဖြင့် ခွဲခြားထားသည်။ ရှေ့တွင်ဆွေးနွေးခဲ့သည့်အတိုင်းပင် ပြည်နယ်အဆင့် သဘောတူညီချက်များသည် တစ်ခုနှင့်တစ်ခုဆင်တူကြသည်။ သို့သော်လည်း ပြည်ထောင်စုအဆင့်သဘောတူညီချက်များသည် လက်နက်ကိုင်အဖွဲ့များ ဆောင်ကျဉ်းလာသည့်ကိစ္စရပ်များအပေါ် မူတည်ပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကွဲပြားကြသည်။

ပြည်ထောင်စုအဆင့်သဘောတူညီချက်များရှိ သဘောတူညီချက်အများစုကို အကောင်အထည်ဖော်ခြင်းမရှိခဲ့ဟု လေ့လာသုံးသပ်သူအချို့က ထောက်ပြကြသည်။ အဆိုပါဝေဖန်မှုမှာလည်းသူ့အကြောင်းနှင့်သူရှိသည်။ သို့သော် အချို့သဘောတူညီချက်များကို အဘယ်ကြောင့်အကောင်အထည် မဖော်ရသနည်းဆိုသည့်အကြောင်းအရင်းများလည်း ရှိသည်။ ဇယား ၃ တွင် ပြထားသည့်အတိုင်းပြည်ထောင်စုအဆင့်သဘောတူညီချက်များတွင် မြောက်မြားစွာသောကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ယင်းသဘောတူညီချက်များသည် ခိုင်မာသည့်အနေအထားထက် မူအရပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။ ဥပမာအားဖြင့် အစိုးရနှင့် KNPP ကြား ပြည်ထောင်စုအဆင့် သဘောတူညီချက်တစ်ခုတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပူးပေါင်းဆောင်ရွက်ရန် နှစ်ဖက်စလုံးက သဘောတူခဲ့ကြသည်။ ယေဘုယျအားဖြင့် မူအရသဘောတူညီချက်များသည် လက်တွေ့အကောင်အထည်ဖော်ရန်မှာ အလွန်ကျယ်ပြောလွန်းလှသည်။ ယင်းသို့သော မူအားဖြင့်သဘောတူညီချက်များကိုပင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပက်သက်သော အကျဉ်းသားများလွှတ်ပေးခြင်းကဲ့သို့ ကိစ္စရပ်အနည်းငယ်ကို အစိုးရကဖြည့်ဆည်းပေးနိုင်ခဲ့သည်။ အချို့သောသဘောတူညီချက်များမှာ ရင်းမြစ်မရှိခြင်းကြောင့် လက်တွေ့ အကောင်အထည်ဖော်ခဲ့ခြင်းမရှိပေ။ ဥပမာအားဖြင့် RCSS, KIO, KNPP, KNU, CNF နှင့် ABSDF တို့သည် ပြည်ထောင်စုအဆင့်တွင် အပစ်အခတ်ရပ်စဲရေးပူးတွဲလေ့လာစောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့ကို ထူထောင်ရန် သဘောတူခဲ့ကြသည်။ သို့သော် အပစ်အခတ်ရပ်စဲရေး ပူးတွဲလေ့လာစောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့ကို လက်တွေ့အကောင်အထည်ဖော်ခြင်းသည် ရင်းမြစ်အတော်များများ လိုအပ်သည်။ နှစ်ဖက်ပူးတွဲလေ့လာစောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့ကို နိုင်ငံတကာအလှူရှင်များကသော်လည်းကောင်း၊ အစိုးရကသော်လည်းကောင်း ရင်းမြစ်ပေးခြင်း မရှိခဲ့ပေ။ အဖွဲ့များသဘောတူခဲ့သည့် ပူးတွဲလေ့လာစောင့်ကြည့်

ကြီးကြပ်ရေးအဖွဲ့နှင့် မသက်ဆိုင်သည့် သီးခြား လွတ်လပ်သော လေ့လာစောင့်ကြည့်ရေးလုပ်ငန်းများအချို့ကိုမူ အီးယူက ရန်ပုံငွေထောက်ပံ့ပေးခဲ့သည်။ သီးခြားအဖွဲ့စောင့်ကြပ်ကွပ်ကဲရေးအား ယင်းသို့ထောက်ပံ့ခြင်းသည် နှစ်ဖက်ပူးတွဲလေ့လာစောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့ကို မထောက်ခံခြင်းဟု ဆိုရမည်ဖြစ်သည်။ သီးခြားလွတ်လပ်သော ပူးတွဲလေ့လာစောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့ကို အစိုးရနှင့်လက်နက်ကိုင်တပ်ဖွဲ့များကြား သဘောတူထားခြင်း မရှိသည့်အတွက် သီးခြားအဖွဲ့သည် သတင်းအချက်ရယူခြင်းနှင့်ကန့်သတ်ထားသည့်ပဋိပက္ခဖြစ်ပွားရာနယ်မြေများသို့ သွားရောက်ခြင်းပြုရမည့် အပစ်အခတ်ရပ်စဲရေးစောင့်ကြပ်ကွပ်ကဲမှုတစ်ခုကို ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ခြင်း ရှိလိမ့်မည်မဟုတ်ပေ။ နောက်ထပ်ပြဿနာ တစ်ရပ်မှာ ပြည်ထောင်စုအဆင့်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ အကောင်အထည်ဖော်ရန် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား အခွင့်အာဏာ (Mandate) နှင့် အလုပ်တာဝန်ခွဲဝေမှုတွင် ရှုပ်ထွေးမှုဖြစ်သည်။ အလားတူ ဥပမာလိုပင် သက်ဆိုင်ရာ သဘောတူညီချက်များတွင် နှစ်ဖက်ပူးတွဲ လေ့လာစောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့ကို အကောင်အထည်ဖော်ရာတွင် ပြည်နယ် အစိုးရများသည် မိမိတို့၏အခန်းကဏ္ဍနှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း မရှိကြပေ။ ပြည်နယ်အစိုးရများကငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထောက်ပံ့ရန်မှာလည်း ပြည်ထောင်စုအစိုးရထံမှ ရှင်းလင်းသောဘက်ဂျက် ချပေးခြင်းမရှိပေ။ ပြည်နယ်အစိုးရများက ငြိမ်းချမ်းရေး နောက်ဆက်တွဲလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင်လည်း တစ်ပြည်နယ်နှင့်တစ်ပြည်နယ် ကွဲပြားကြသည်။ ချင်း၊ ကယားနှင့် မွန်ပြည်နယ်တို့ကဲ့သို့သောပြည်နယ်အစိုးရအချို့သည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအကောင်အထည်ဖော်ရာတွင်အခြားပြည်နယ်များနှင့်စာလျှင် ပိုပြီးတက်ကြွမှုရှိကြသည်။ ယေဘုယျအားဖြင့် ဗဟိုအစိုးရသည် သဘောတူညီချက်များအကောင်အထည်ဖော်ရာတွင် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေဆဲပင် ဖြစ်သည်။

မီဒီယာဖော်ပြချက်များနှင့် အချို့လေ့လာသုံးသပ်သူများထံမှ အနှုတ်လက္ခဏာဆောင်သောအမြင်များနှင့် ဆန့်ကျင်စွာပင် မြန်မာနိုင်ငံရှိ အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှုများမှာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့်ဖြစ်ပေါ်နေသည်မဟုတ်။ ယခင်ကတည်းက ပဋိပက္ခအကျိုးဆက်ကို ခံစားခဲ့ရသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၀ ခုတွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲအရေအတွက်၏အသေးစိတ်ကိုဇယား ၄ တွင် ဖော်ပြထားသည်။ ၂၀၁၁ နှောင်းပိုင်းတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များစတင်ခဲ့ကတည်းက တပ်မတော်နှင့် အပစ်ရပ်လက်နက်ကိုင်အဖွဲ့များအကြား တိုက်ပွဲများမှာယခင်ကတည်းက ပဋိပက္ခအကျိုးဆက်ကိုခံစားခဲ့ရသည့်ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၀ ခုအနက် ၂ ခုတွင်သာ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တိုက်ပွဲဖြစ်ပွားရာတွင်ပင် အပစ်အခတ် ရပ်စဲရေးသဘောတူထားသည့် လက်ကိုင်တပ်ဖွဲ့များနှင့် တပ်မတော်ကြားတွင် တိုက်ပွဲကြီးများဖြစ်ပွားခြင်းမှာ ရှားတောင့်

၁၅။ အစိုးရနှင့် **KNPP** ကြား ဒုတိယပြည်ထောင်စုအဆင့်သဘောတူညီချက်(၂၀–၆–၂၀၁၃)

ရှားပါး ရှိလှသည်။ နယ်မြေဒေသအားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ပြီးခဲ့သည့် နှစ်နှစ်အတွင်း တိုက်ပွဲငယ်များဆက် တိုက်ဖြစ်ပွားခဲ့ပြီး ၂၀၁၃ ၏ နောက်ဆုံးသုံးလပတ်တွင် ထိတွေ့မှု ၈ ကြိမ်အထိ လျော့ချနိုင်ခဲ့သည်။ ၂၀၁၃ မေလ ၃၀ ရက်နေ့တွင် အစိုးရနှင့်ကေအိုင်အို အကြား သဘောတူညီချက် လက်မှတ်ရေးထိုးပြီးနောက် ကချင်ပြည်နယ်တွင်လည်း တိုက်ပွဲ အရေအတွက် သိသိသာသာလျော့ချနိုင်ခဲ့သည်။ ပဋိပက္ခအပြင်းထန်ဆုံးအချိန်တွင် တပ်မတော် နှင့်ကေအိုင်အိုအကြား တစ်နေ့လျှင်ပျမ်းမျှအားဖြင့် ၅ ကြိမ်မှ ၁၀ ကြိမ်အထိ တိုက်ပွဲများဖြစ်ပွားခဲ့သည်။ မေလတွင် နှစ်ဖက်သဘောတူညီချက်ရပြီး နောက် တိုက်ပွဲအရေ အတွက် ၁၅ ဆမျှ လျော့ချနိုင်ခဲ့သည်။ တပ်မတော်နှင့် RCSS, SSPP, TNLA, KIO တို့အကြား ရှမ်းပြည်နယ်တွင် ပျမ်းမျှအားဖြင့် တိုက်ပွဲငယ် ၂၅၀ မျှဖြစ်ပွားခဲ့သည်ဟု ယင်းအဖွဲ့များ၏အဆိုအရသိရသည်။ ရှမ်းပြည်နယ် တွင်ဖြစ်ပွားခဲ့သည့်တိုက်ပွဲအများစုမှာ အပစ်ရပ်အဖွဲ့များဖြစ်သည့် RCSS နှင့် SSPP တို့နှင့်ဖြစ်သည်။ သို့သော်လည်း နှစ်ဖက်သဘောတူထားသည့် နယ်မြေ များ သို့မဟုတ် အခြေစိုက်စခန်းများတွင် တိုက်ပွဲမဖြစ်သလောက်ပင် ရှိခဲ့သည်။ တိုက်ပွဲအများစုမှာ နှစ်ဖက်သတ်မှတ်ထားသည့်နယ်မြေပြင်တွင် ပစ်ပြေးခြင်း သို့မဟုတ် မိနစ်အနည်းငယ်ကြာတိုက်ပွဲငယ်များဖြစ်ပွားခြင်း ဖြစ်သည်။ အောက် ခြေတွင်တိုက်ပွဲများရှိနေသော်လည်း RCSS နှင့် SSPP တို့သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ဆက်လက်ပါဝင်မြဲဖြစ်ပြီး ၎င်းတို့၏သက်ဆိုင်ရာ အပစ်အခတ် ရပ်စဲခြင်းကို ပြန်လည်ရုပ်သိမ်းရန် မည်သည့်အခါကမျှ ခြိမ်းခြောက်ခြင်း မပြုခဲ့ပေ။ တကယ်တမ်းတွင် RCSS ခေါင်းဆောင် ဗိုလ်ချုပ် ယွက်ဆစ် သည် ကေအင်န်ယူ ဗိုလ်ချုပ်မူတူးစေးဖော ပြီးလျှင် သမ္မတဦးသိန်းစိန်နှင့် ဒုတိယ မြောက်တွေ့ဆုံခဲ့သည့် တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်ဖြစ်သည်။

ကေအင်န်ယူသည် ကရင်၊ မွန်၊ ပဲခူး နှင့် တနင်္သာရီဒေသတို့တွင်လှုပ်ရှားသည့် အကြီးဆုံးလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ သို့သော်လည်း တပ်မတော်နှင့် ကေအင်န်ယူတပ်ဖွဲ့များကြားတွင် တိုက်ပွဲများဖြစ်တောင့်ဖြစ်ခဲ့ရှိလှသည်။ နယ်မြေ အားလုံး လေးခုလုံးတွင် နှစ်ဖွဲ့ကြား တိုက်ပွဲငယ်နှစ်ပွဲသာ ဖြစ်ပွားခဲ့သည်။ ကရင်ပြည် နယ်တွင်ဖြစ်ပွားသည့်တိုက်ပွဲအများစုမှာ ယခင်အတွင်းရေး မကြေ လည်မှုများကြား ဒီကေဘီအေနှင့်ဘီဂျီအက်ဖ်ကြားတွင် ဖြစ်ပွားကြခြင်းဖြစ် သည်။ ဇယား ၄ တွင်ဖော်ပြထားသည့်အတိုင်း မွန်၊ ချင်း၊ ရခိုင်၊ စစ်ကိုင်း နှင့် ပဲခူး တို့သည် တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား တိုက်ပွဲ ကင်းမဲ့ခဲ့သည့် နေရာများ ဖြစ်ကြသည်။ တနင်္သာရီနှင့်ကယားတွင်လည်း တိုက်ပွဲ တစ်ကြိမ်စီသာ ဖြစ်ပွားခဲ့သည့်အတွက် အပစ်အခတ်ရပ်စဲရေးကို ကောင်း ကောင်းထိန်းထားနိုင်သည်ဟု ပြသခဲ့ခြင်းဖြစ်သည်။ အချုပ်အားဖြင့်ဆိုရလျှင် ရှမ်းပြည်နယ်သည် တိုက်ပွဲငယ်များဆက်လက်ဖြစ်ပွားနေသည့်နယ်မြေတစ်ခု ဖြစ်သည့်တိုင် နိုင်ငံရေး အကျပ်အတည်းမြင့်တက်နေခြင်း မရှိပေ။ ၂၀၁၃ အောက်တိုဘာတွင် ရှမ်းပြည်နယ် တောင်ကြီး-ဆက်ဆံညှိနှိုင်း ဆောင်ရွက်ရေး

အစည်းအဝေးတစ်ခုကို မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြည်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန(MPC)က ကျင်းပခဲ့ပြီးနောက် RCSS နှင့် SSPP တို့အရေးတွင်ပင် တစ်လလျှင်တိုက်ပွဲ ၂၅ ကြိမ်ဖြစ်ပွားနေရာမှ ပျမ်းမျှ ၃ ကြိမ်သို့ လျှော့ချနိုင်ခဲ့သည်။

အောက်တွင်ဖော်ပြထားသည်မှာ ၂၀၁၃ အောက်တိုဘာလ အစောပိုင်းအထိ အပစ်အခတ်ရပ်စဲရေးကာလပြီးနောက် ပဋိပက္ခ အကျိုးဆက်ကို ခံစားခဲ့ရသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၀ ခုတွင်ဖြစ်ပွားခဲ့သည့် တိုက်ပွဲအရေအတွက် ဖြစ်သည်။

| | | |
|---|---|---|
| ၁ | ကချင်ပြည်နယ် (၂၀၁၃ ဇွန်- အောက်တိုဘာ)[၁၆] | ၂၉ |
| ၂ | ရှမ်းပြည်နယ် (၂၀၁၂ ဇန်နဝါရီ- ၂၀၁၃ အောက်တိုဘာ)[၁၇] | ၂၅၀ |
| ၃ | ကရင်ပြည်နယ် (၂၀၁၂ ဇန်နဝါရီ- ၂၀၁၃ အောက်တိုဘာ)[၁၈] | ၁၂ |
| ၄ | ကယားပြည်နယ် (၂၀၁၂ ဇန်နဝါရီ- ၂၀၁၃ အောက်တိုဘာ)[၁၉] | ၁ |
| ၅ | တနင်္သာရီတိုင်း (၂၀၁၂ ဇန်နဝါရီ- ၂၀၁၃ အောက်တိုဘာ)[၂၀] | ၁ |
| ၆ | မွန်ပြည်နယ် (၂၀၁၂ ဇန်နဝါရီ- ၂၀၁၃ အောက်တိုဘာ)[၂၁] | ၀ |
| ၇ | ချင်းပြည်နယ် (၂၀၁၂ ဇန်နဝါရီ- ၂၀၁၃ အောက်တိုဘာ) | ၀ |
| ၈ | ပဲခူးတိုင်း (၂၀၁၂ ဇန်နဝါရီ- ၂၀၁၃ အောက်တိုဘာ) | ၀ |
| ၉ | ရခိုင်ပြည်နယ် (၂၀၁၂ ဇန်နဝါရီ- ၂၀၁၃ အောက်တိုဘာ)[၂၂] | ၀ |
| ၁၀ | စစ်ကိုင်းတိုင်း (၂၀၁၂ ဇန်နဝါရီ- ၂၀၁၃ အောက်တိုဘာ) | ၀ |

ဇယား ၄- အပစ်အခတ်ရပ်စဲရေးကာလအတွင်း ပဋိပက္ခအကျိုးဆက်ကိုခံစားခဲ့ရသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၀ ခုတွင်ဖြစ်ပွား ခဲ့သည့်တိုက်ပွဲအရေအတွက်အကျဉ်းချုပ်။

ဇယား ၄ တွင်ဖော်ပြထားသည့်အတိုင်းပင် နှစ်ဖက်လက်ခံထားသည့်ကျင့်ဝတ် သို့မဟုတ် အပစ်အခတ်ရပ်စဲရေးစောင့်ကြပ် ကွပ်ကဲရေးကဲ့သို့ အခြားအပစ်အခတ်ရပ်စဲရေးယန္တရားများမရှိသည့်တိုင် လက်ရှိမြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အပစ်အခတ် ရပ်စဲရေးအကောင်အထည်ဖော်ခြင်းသည် ကောင်းစွာတိုးတက်လျက်ရှိနေသည်။ ကျင့်ဝတ်တွင် နှစ်ဖက်စလုံးက သဘောတူထားပြီး နှစ်ဖက်စလုံး လိုက်နာရန်လိုအပ်သည့်လမ်းညွှန်ချက်များ ပါရှိသည်။ အပစ်အခတ်ရပ်စဲရေးစောင့်ကြပ်ကွပ်ကဲရေးသည် အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်

၁၆။ ၂၀၁၂ ဒီဇင်ဘာမှ ၂၀၁၃ ဖေဖော်ဝါရီလအထိ တပ်မတော်နှင့် ကေအိုင်အိုတို့သည် တိုက်ပွဲကြီးများအပါအဝင် တစ်နေ့လျှင် ပျမ်းမျှတိုက်ပွဲ ၅ ကြိမ်မှ ၁၀ ကြိမ်အထိဖြစ်ပွားခဲ့သည်။ မေလ ၃၀ တွင် လက်မှတ်ရေးထိုးပြီးကတည်းက သုံးလခွဲကာလအတွင်း စုစုပေါင်းတိုက်ပွဲ ၂၉ ကြိမ်အထိ လျော့ကျခဲ့သည်။

၁၇။ ယင်းခန့်မှန်းချက်ကိန်းဂဏန်းများသည် **RCSS** နှင့် **SSPP** တို့က ထုတ်ပြချက်များမှရယူထားခြင်းဖြစ်သည်။ တိုက်ပွဲများအားလုံးတွင် တိုက်ပွဲကြီး ၁၀ ပွဲအောက်သာရှိခဲ့သည်။ တိုက်ပွဲ အများစုမှာ မိနစ်အနည်းငယ်သာကြာသည့် တိုက်ပွဲများဖြစ်သည်။

၁၈။ တပ်မတော်နှင့်ကေအင်န်ယူကြားတွင် တိုက်ပွဲနှစ်ကြိမ်သာဖြစ်ပွားခဲ့သည်။ ကျန်တိုက်ပွဲများမှာ နယ်ခြားစောင့်တပ်ဖွဲ့နှင့်ဒီကေဘီအေကြား အတိတ်က မကျေလည်မှုများကို ဖြေရှင်းရန်ကြိုးပမ်းရင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

၁၉။ ဖြတ်သန်းသွားသောတပ်မတော်တပ်စိတ်တစ်ခုသည် ကျေးရွာအမျိုးသမီးတစ်ဦး ပျောက်ဆုံးသွားသည့်အတွက် တာဝန်ရှိသည်ဟု ကေအင်န်ပီပီ က ယူဆသည်။ ယင်းတပ်မတော်ကင်းလှည့်တပ်ဖွဲ့ကို ကေအင်န်ပီပီက လက်နက်ကြီးဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ အမျိုးသမီးသည် မိသားစုအား အကြောင်းမကြားဘဲ အခြားရွာသို့အလည်သွားခြင်းဖြစ်ကာ နောက်ပိုင်းတွင်ရွာသို့ပြန်လာခဲ့သည်။ တိုက်ခိုက်မှုတွင်ဒဏ်ရာရသွားသော တပ်မတော်တပ်ဖွဲ့ဝင်များ ကုသခံနေရာဆေးရုံသို့ ကေအန်င်ပီပီ စစ်ဦးစီးချုပ် လာရောက်ခဲ့ပြီး တောင်းပန်ခဲ့သည်။

၂၀။ **NMSP** ခွဲထွက် အဖွဲ့တစ်ဖွဲ့နှင့် တပ်မတော်တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။

၂၁။ အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီးနောက် အေအယ်လ်ပီနှင့် တပ်မတော်အကြား တိုက်ပွားဖြစ်ပွားသည်ဟု ကြားသိခဲ့ရခြင်းမရှိပေ။

များကို အားလုံးက မချိုးဖောက်စေရန်နှင့် တိုက်ပွဲများနောက်ထပ်အရှိန်မမြင့်စေရန် ချိုးဖောက်မှုများကို သင့်လျော်စွာ စုံစမ်းစစ်ဆေးရန် ဖြစ်သည်။ သို့သော်လည်း ယင်းယန္တယားများသည် မလိုအပ်ဟုဆိုလိုခြင်းမဟုတ်ပေ။ ယင်းတို့ကို တစ်ဖြည်းဖြည်းချင်း ဖော်ဆောင်သွားရန်လိုအပ်သည်။ သီရိလင်္ကာနှင့် ကွန်ဂိုပြည်ထောင်စု သမ္မတနိုင်ငံတို့ကဲ့သို့ အလားတူ နိုင်ငံတကာဖြစ်ရပ်လေ့လာမှုများနှင့်ယှဉ်လျှင် မြန်မာနိုင်ငံ၏ အပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်မှုသည် အဆင်ပြေလျှက်ရှိသည်ဟု ဆိုရမည်ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းခြင်းနှင့် ဖြစ်လာနိုင်ဖွယ်ရှိသည့်တိုက်ပွဲများကို ရှောင်ရှားနိုင်ရေးတို့တွင် နှစ်ဖက်စလုံးမှ ဆက်ဆံရေးအရာရှိများသည် အခရာကျသောအခန်းကဏ္ဍမှ ပါဝင်လျှက်ရှိသည်။ တပ်မတော်ဘက်မှဆိုလျှင် သက်ဆိုင်ရာစစ်တိုင်းများမှ ဗိုလ်မှူးကြီးအဆင့်အရာရှိများသည် ပြည်နယ်အဆင့်၌ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ တပ်မှူးများနှင့် တိုက်ရိုက်ချိတ်ဆက်လုပ်ကိုင်ကြသည်။ သို့သော်လည်း ယင်းဆက်ဆံရေးမျိုးသည် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၀ ခုစလုံးတွင် တစ်ပြေးညီ ကျင့်သုံးကြသည်မဟုတ်။ ထို့ပြင် ပဋိပက္ခနယ်မြေဒေသများရှိ တပ်ဖွဲ့ငယ်များဖြင့် လှုပ်ရှားနေသည့် တိုင်းရင်းသား လက်နက် ကိုင်အဖွဲ့များမှ တပ်မှူးများနှင့် တပ်မတော်စစ်မြေပြင် အငယ်တန်းတပ်မှူးများနှင့် တိုက်ရိုက်ဆက်ဆံဆောင်ရွက်ကြသည်။ စစ်မြေပြင်အဆင့်ဆက်ဆံရေးကို ခွင့်ပြု ထားသည့်နေရာများတွင် စစ်မြေပြင်အဆင့်ဆက်ဆံရေးကို ခွင့်မပြုထားသည့် နေရာများထက် တိုက်ပွားဖြစ်ပွားမှု လျော့နည်းသည်။ နယ်မြေအဆင့် ဆက်ဆံရေးကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည် မဖော်ခြင်းသည် အပစ်အခတ်ရပ်စဲရေးအဖွဲ့များ အပါအဝင် တစ်ချိန်တည်းမှာပင် လက်နက်ကိုင်အဖွဲ့အရေအတွက် အများဆုံးလှုပ်ရှားနေသည့် ရှမ်းပြည်နယ်တွင် တိုက်ပွဲများစွာ ဖြစ်ပွားရခြင်း၏ အကြောင်းအရင်းတစ်ရပ် ဖြစ်သည်။

လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွက် အဓိက အကန့်အသတ်တစ်ခုမှာ အပစ်အခတ်ရပ်စဲထားသည့် ၎င်းတို့၏တပ်ဖွဲ့များအတွက်ထောက်ပံ့ပို့ဆောင်ရေးလုပ်ရန်ဖြစ်သည်။ လက်နက်ကိုင်အဖွဲ့အများစုမှာ ဒေသတွင်း ဩဇာလွှမ်းမိုးမှုရှိသည့်တပ်မှူးများက ဦးဆောင်ထားသည့် ဒေသဆိုင်ရာတပ်ဖွဲ့များအဖြစ် ဖွဲ့စည်းထားကြသည်။ ဒေသခံတပ်ဖွဲ့အများစု မှာ ပဋိပက္ခဇုန်တစ်လျှောက် လူဦးရေအနည်းငယ်ကိုဗဟိုပြုပြီး နယ်မြေအလိုက် ပြန့်ကြဲနေကြသည်။ အကြောင်းရင်းတစ်ရပ်မှာ ထောက်ပံ့ပို့ဆောင်ရေးဖြစ်သည်။ အဖွဲ့များစွာအတွက်မူ ၎င်းတို့ကအပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်ကို အထောက်အပံ့ပြုလိုသည့်တိုင် ၎င်းတို့၏ ပြန့်ကြဲနေသောတပ်ဖွဲ့များကို နေရာတစ်ခု သို့မဟုတ် တပ်ရင်းတစ်ခုခုသို့ပို့ရန်မှာ အခက်အခဲဖြစ်နေသည်။ ယင်းအခြေအနေကြောင့် ပြန့်ကြဲနေသောတပ်ဖွဲ့များစွာသည် တိုက်ပွဲဖြစ်လေ့ရှိသည့်နေရာများသို့ သွားလာမှုများရှိပြီး ရင်ဆိုင်တိုက်ပွဲများဖြစ်ရန် အခွင့်အလမ်းများ ပိုမိုမြင့်လာသည်။ တိုက်ပွဲဖြစ်လေ့ရှိသည့်နေရာများတွင် နယ်မြေအဆင့်ဆက်ဆံရေးရုံးများက သင့်လျော်စွာ

စီမံဆောင်ရွက်နိုင်ခြင်း မရှိလျှင် တိုက်ပွဲများတိုးပွားလာဖွယ် ရှိနေသည်။ ထို့ပြင် ပြန့်ကြဲနေသောတပ်ဖွဲ့များသည် စစ်ပွဲကာလအတွင်း ထောက်ပံ့ပို့ဆောင်ရေးအတွက် ဒေသခံလူထုကိုသာ အားကိုးနေရသည်။ သို့သော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကာလအတွင်း လက်နက်ကိုင်တပ်ဖွဲ့များသည် အစိုးရနှင့်ဆက်လက်တိုက်ခိုက်တော့ခြင်း မရှိသည့်အတွက် မိမိတို့ကမည့်သည့်အတွက်ကြောင့် အထောက်အပံ့များဆက်လက် ပေးနေရသနည်းဟု လူအများကမေးခွန်းထုတ်လာသည်။ ယင်းအဖွဲ့များသည် ၎င်းတို့၏တပ်ဖွဲ့များအား ၎င်းတို့ဖာသာ ထောက်ပံ့သင့်သည်ဟုဆိုကြသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ နောက်ထပ်အတားအဆီးတစ်ခုမှာ အမြစ်တွယ်နေသည့် စစ်ပွဲစီးပွားရေးဖြစ်သည်။ နှစ်ပေါင်း ၆၀ ကျော်ကြာ လက်နက်ကိုင်ပဋိပက္ခတွင် မြန်မာနိုင်ငံ၏ပေါကြွယ်ဝသော သဘာဝသယံဇာတများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ မှောင်ခိုရောင်းဝယ်ခြင်းများ ကြီးကြီးမားမားရှိနေခြင်းနှင့် ပဋိပက္ခနယ်မြေများတွင် စီးပွားရေးလုပ်ငန်းများ ထူထောင်ခြင်းသည် မလွဲမရှောင်သာယှက်နွယ် ပက်သက်လာခဲ့ရသည်။ အပစ်အခတ်ရပ်စဲရေးကာလအတွင်း တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် ထုတ်လုပ်မှုများ အလွန်မြင့်မားခဲ့သည်ကိုတွေ့ရသည်။ ၂၀၁၁ မှ ၂၀၁၂ အထိ မြန်မာနိုင်ငံတွင် အာဏာပိုင်များက ဖမ်းဆီးရမိခဲ့သည့် မက်တာဖက်တမင်း ပမာဏသည် ၇၂၈ ရာခိုင်နှုန်းတိုးမြင့်ခဲ့သည်။ အလားတူပင် ယင်းကာလအတွင်း ဟီရိုးအင်း ဖမ်းဆီးရမိမှုသည် ၂၇၀ ရာခိုင်နှုန်းတိုးမြင့်ခဲ့သည်။ ခန့်မှန်းခြေအားဖြင့် မြန်မာနိုင်ငံတွင်တရားမဝင် မူးယစ်ဆေးဝါးများမှရရှိငွေသည် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး တိုင်းပြည်ဂျီဒီပီ၏ ၂၈ ရာခိုင်နှုန်းကျော်ရှိသည်။ ယခင်အပစ်အခတ်ရပ်စဲရေးကာလတွင်ပင် စစ်ပွဲစီးပွားရေးသည် ပဋိပက္ခနယ်မြေများရှိနှစ်ဖက်ကြားအလွတ်သဘော ရင်းမြစ်မျှဝေခြင်းပုံစံမျိုး ရှိခဲ့သည်။ ပဋိပက္ခနယ်မြေများတွင် လုပ်ကိုင်ကြသည့် အဓိကစီးပွားရေးလုပ်ငန်းကြီး များသည် မိမိတို့၏ အကျိုးစီးပွားကိုကာကွယ်ရန် ပဋိပက္ခရှိ နှစ်ဖက်စလုံးနှင့် သဘောတူညီချက်များရယူရမည်ဟု သင်ယူခဲ့ရသည်။ စီးပွားရေးသမားများသည် အစိုးရမဟုတ်သောလက်နက်ကိုင်တပ်ဖွဲ့များအား ဆက်ကြေးပေးဆောင်ကြရပြီး အများအားဖြင့် ၎င်းတို့လက်အောက်ရှိသူများအား ထောက်ပံ့ပို့ဆောင်ရေး အထောက်အကူပေးသည့် ဒေသခံတပ်မှူးများကို တိုက်ရိုက်ပေးကြရသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသို့ အစိုးရနှင့် နိုင်ငံတကာအထောက်အပံ့များ ယနေ့အချိန်အထိ မရှိသည့်အတွက် စစ်ပွဲစီးပွားရေးနှင့် ဆက်နွယ်နေသော ကိစ္စရပ်များသည် မကြာခင်ကာလတွင် ဖြေရှင်းနိုင်ဖွယ် မရှိပေ။ ယင်းသို့သော နိုင်ငံတကာအကူအညီများ တပ်ရင်းများသို့ ထောက်ပံ့ရာတွင် အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့များစုမှာ ၎င်းတို့၏ တပ်ဖွဲ့ဝင်အရေအတွက်ကို ပေးရမည်ဖြစ်သည်။ ယင်းသို့လုပ်ရမည်ကို အစောပိုင်း ကာလ DDR ပုံစံတစ်ခုကို ၎င်းပုံစံအဖြစ်လိုက်နာရန် တကယ်တမ်းတွင် အချို့သော

အဖွဲ့များက တွန်းဆုတ်ကြသည်။ ထို့အကြောင်းများအပြင် အချို့သောဒေသဆိုင်ရာတပ်မှူးများသည် စစ်ပွဲ စီးပွားရေးမှရရှိနေသော အကျိုးအမြတ်များကို စွန့်လွှတ်ရန် လက်တွန့်နေကြသည်။ ပဋိပက္ခအကျိုးဆက်များခံစားရသည့် ဒေသများရှိ အဂတိလိုက်စားသော အစိုးရအရာရှိအချို့သည်လည်း စစ်ပွဲစီးပွားရေးနှင့်ဆက်နွယ်သော စီးပွားရေးလုပ်ငန်းအလွှဲအပြောင်းများတွင် ပါဝင်ပက်သက်နေကြသည်။ အိမ်နီးချင်းနိုင်ငံများ၏နယ်ခြားဒေသရှိ စီးပွားရေးအသိုက်အဝန်းကလည်း မြန်မာနိုင်ငံ၏ ပဋိပက္ခကြောင့် ဖြစ်ပေါ်လာသည့်စီးပွားရေးတွင် သိသိသာသာ စိတ်ဝင်စားကြသည်။ သူတို့သည် မြန်မာနိုင်ငံ၏ပဋိပက္ခကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေး၏အစိတ်အပိုင်းတစ်ရပ် ဖြစ်လာသည်။ ယင်းတို့အနက်မှအချို့သည် သဘာဝသယံဇာတများအတွက် အလဲအလှယ်လုပ်ရာတွင် လက်နက်ကိုင်တပ်ဖွဲ့များသို့ လက်နက်ခဲယမ်းများ ပေးကြသည်။ ယင်းသို့သောအရှုပ်အထွေးများကို အလျင်အမြန်ဖြေရှင်းရန် မဖြစ်နိုင်ပေ။ ၂၀၁၄ ၌ မကြာသေးမီက ကချင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သည့်တိုက်ပွဲများမှာ ပဋိပက္ခကြောင့်ဖြစ်ပေါ်လာသည့် စီးပွားရေးနှင့် သဘာဝသယံဇာတများနှင့်ကြီးကြီးမားမား ဆက်စပ်နေသည်။

လူနည်းစုတိုင်းရင်းသားအချင်းချင်းအကြား ပဋိပက္ခမှာလည်း အပစ်အခတ် ရပ်စဲရေးလုပ်ငန်းစဉ်ကို နှောင့်ယှက်ဖျက်ဆီးဖွယ် ရှိသည့် အခြားသောပူပန်စရာ တစ်ရပ်ဖြစ်ပြီး အထူးသဖြင့် လက်နက်ကိုင်တပ်ဖွဲ့များစွာလှုပ်ရှားနေသည့် ရှမ်းပြည်နယ်တွင် ဖြစ်သည်။ ပဋိပက္ခတွင်ပါဝင်သည့် ယင်းအဖွဲ့များမှာ အစိုးရနှင့် အကြောင်းကိုသာ ပူပန်ရသည်မဟုတ် အပစ်အခတ်ရပ်စဲရေး၏အားသာချက်များကို ရယူပြီး ၄င်းတို့၏အကျိုးစီးပွားကိုပျက်စီးစေမည့် အခြားလက်နက်ကိုင်အဖွဲ့များကိုလည်း ပူပန်ရသည်။ နယ်မြေကို သူပိုင်ကိုယ်ပိုင်အငြင်းပွားနေသည့် များစွာသော လက်နက်ကိုင် တပ်ဖွဲ့များသည် နယ်မြေတစ်ခုတည်းတွင်ထပ်နေပြီး ယင်းတို့၏ ရံဖန်ရံခါတွင် စစ်ပွဲစီးပွားရေးနှင့် ဆက်နွယ်နေတတ်သည်။ လူနည်းစုတိုင်းရင်းသားအချင်းချင်းအကြား အခြားပဋိပက္ခတစ်ခုမှာ ပြည်သူ့စစ်အဖွဲ့များ၊ ယခင်အစိုးရလက်ထက်အပစ်အခတ်ရပ်စဲသည့်အဖွဲ့များနှင့် လတ်တလောအပစ်အခတ်ရပ်စဲသည့်အဖွဲ့များကြား ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခ အစောပိုင်းကာလမှာပင် တိုင်းရင်းသားနှင့်ကွန်မြူနစ်သူပုန်များကို တန်ပြန်ခြင်းတစ်ရပ်အဖြစ် ပြည်သူ့စစ်အဖွဲ့များကို အစိုးရက ဖွဲ့စည်းခဲ့သည်။ ယနေ့အချိန်တွင် တစ်တိုင်းပြည်လုံး၌ ပြည်သူ့စစ်အဖွဲ့ပေါင်း ၅၀၂၃ ဖွဲ့ရှိနေပြီး ယင်းတို့၏ စုစုပေါင်းအင်အားသည် ၁၈၀၀၀၀ အထိ ရှိနိုင်ဖွယ်ရှိသည်။ ယင်းအဖွဲ့များသည် တပ်မတော်၏အောက်တွင် တရားဝင်ရှိနေသည့်တိုင် လွှတ်တော်က ပြည်သူ့စစ်များအတွက် သီးခြားဘက်ဂျက်ချပေးခြင်း မရှိပေ။ အကျိုးဆက်အားဖြင့် ပြည်သူ့စစ်အဖွဲ့အတော်များများသည် တရားမဝင်လုပ်ငန်းများလုပ်ကိုင်ကာ ၄င်းတို့ရန်ပုံငွေကို ကိုယ်တိုင်ရှာခြင်းဖြင့် ပဋိပက္ခအလွန်နေရာဒေသများရှိ စစ်ပွဲစီးပွားရေး၏ကျယ်ပြန့်မှုသည် ပိုမိုနက်ရှိုင်းလာရသည်။

# ၅။ ရှေ့ဆက်လျှောက်ရမည့်လမ်း

အစိုးရသည် လက်ရှိတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့အား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ခုကို စေ့စပ်ညှိနှိုင်းလျက်ရှိသည်။ အဖွဲ့ ၁၄ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး နှစ်ဖက်သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကာ နောက်ထပ် နှစ်ဖက်အပစ်အခတ်ရပ်စဲရေးကို အစိုးရကဘာကြောင့်ဆက်မလုပ်ရသနည်းဟု မေးခွန်းထုတ် စရာဖြစ်နေသည်။ ပထမဆုံးအားဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးတစ်ခုရရှိရေးအိုင်ဒီယာမှာ အစိုးရ၏ အဆိုပြုချက်တွင် မူလက မပါဝင်ခဲ့ပေ။ ၁၉၈၀ ပြည့်နှစ်နှောင်းပိုင်းကာလတွင် နှစ်ဖက်အပစ်အခတ်ရပ်စဲရေးကို တပ်မတော်အစိုးရက ရယူခဲ့ကတည်းက UNFC အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်ညွန့်ပေါင်းအဖွဲ့အဆက်ဆက်သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးတစ်ရပ်ကို တောင်းဆိုခဲ့ကြသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အား ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် အစစ်အမှန်ဖြစ်ခဲ့မည်ဆိုလျှင် အစိုးရသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးကို ဖော်ဆောင်သင့်သည်ဟု တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက တောင်းဆိုခဲ့ကြသည်။ ယခုအခါတွင် လူနည်းစုတိုင်းရင်းသားများထံမှ ယင်းတောင်းဆိုချက်ကို ဖြည့်ဆည်းပေးနိုင်ပြီဟု အစိုးရက လတ်တလောတွင်ယူဆသည်။ အစိုးရ၏အမြင်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်အပစ်အခတ်ရပ်စဲရေးသည် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား တစ်စုံတစ်ရာသောယုံကြည်မှုကို ပြန်ရလိမ့်မည်ဟုထင်မြင်သည်။ ထိုစဉ်ယခင်အပစ်အခတ် ရပ်စဲရေးပျက်ပြယ်ခဲ့ပြီးနောက် နှစ်ဖက်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးရန် တွန့်ဆုတ်နေသည့် ကေအိုင်အိုအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတွင်းသို့ ဝင်လာစေလိမ့်မည်ဖြစ်သည်။ ၂၀၁၃ မေလနှောင်းပိုင်းတွင် ကေအိုင်အို နှင့် ပထမဆုံးသောမြစ်ကြီးနားငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပနေစဉ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် တစ်ခုဖော်ဆောင်ရန် အစိုးရကစိတ်ဝင်စားသည်ဟု အစိုး၏စေ့စပ်ညှိနှိုင်းရေးအကြီးအကဲ ဦးအောင်မင်းက ပထမဆုံးအကြိမ် လူသိရှင်ကြား ကမ်းလှမ်းခဲ့ခြင်းမှာ တိုက်ဆိုင်မှုတစ်ခုမဟုတ်ခဲ့ပေ။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး၏ အခြားယူဆချက်တစ်ခုမှာ ယခုငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် သမိုင်းဝင်မှတ်တိုင် တစ်ခု စိုက်ထူရန်ဖြစ်သည်။

ယင်းသမိုင်းမှတ်တိုင်သည် ကာလရှည်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်ကြသူအားလုံးကို နောက်ကြောင်းပြန်မသွားစေရန် အားပေးလိမ့်မည်ဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံးဖော်ဆောင်ရာတွင် စုပေါင်းပြီးစေ့စပ်ညှိနှိုင်းရေးမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအတွက် ရှောင်လွှဲမရနိုင်သည့်အရာဖြစ်ကြောင်း အစိုးရကနားလည်သဘောပေါက်သည်။ ထိုအကြောင်းကြောင့်ပင် အခြားလက်နက်ကိုင်အဖွဲ့များနှင့် လိုင်ဇာတွင် ဆွေးနွေးပွဲတစ်ခုကျင်းပရန် ကေအိုင်အိုထံမှ တောင်းဆိုချက်ကို ဦးအောင်မင်းက အလျင်အမြန် သဘောတူခဲ့ခြင်းဖြစ်သည်။ ယင်းသို့ စုပေါင်းစေ့စပ်ညှိနှိုင်းခြင်းသည် တိုင်းပြည်၏ လက်နက်ကိုင်ပဋိပက္ခသမိုင်းတွင် မကြုံစဖူးအခြေအနေဖြစ်သည်။ ထို့ပြင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ကြသူများ နိုင်ငံရေးအရအဖြေရှာရန် စေ့စပ်ညှိနှိုင်းနေစဉ်ကာလအတွင်း အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းထားရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ကွပ်ကဲရေးစနစ်တစ်ခုနှင့် ပိုပြီးအသေးစိတ်ကျသောကျင့်ဝတ် စည်းမျဉ်းကဲ့သို့ ပိုပြီးပြည့်စုံသောအနေအထားဖြင့် ခိုင်မာစေရန် ရည်ရွယ်ထားသည်။ အနှစ်သာရအားဖြင့် ယင်းသဘောတူညီချက်များသည် မြန်မာနိုင်ငံရှိတိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများကိုအဆုံးသတ်ရန် နိုင်ငံရေးအရငြိမ်းချမ်းစွာအဖြေရှာမှု တစ်ခုကိုဖော်ဆောင်ရန် ပါဝင်ကြသူအားလုံး၏ သံန္နိဋ္ဌာန်ကိုလည်း ပြသခြင်းဖြစ်သည်။ ယင်းသဘောတူညီချက်သည် သမိုင်းမှတ်တိုင်တစ်ခုကို စိုက်ထူပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ ပါဝင်ကြသူအားလုံး နောက်ပြန်လှည့်ရန်အတွက် ပိုပြီးခက်ခဲသွားစေမည်ဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးရရှိပြီးချိန်တွင် လွှတ်တော်အပါအဝင် အစိုးရအဖွဲ့၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များနှင့် အခြားသက်ဆိုင်သူအားလုံးသည် နိုင်ငံရေးဆွေးနွေးပွဲအတွက် လုပ်ငန်းမူဘောင်တစ်ခုကို ဆွေးနွေးရန် အစည်းအဝေးတစ်ခု ကျင်းပကြလိမ့်မည်ဖြစ်သည်။ လုပ်ငန်းမူဘောင်အစည်းအဝေးသည် ပါဝင်ကြသူများစာရင်း၊ ဆွေးနွေးမည့်လုပ်ငန်းအစီအစဉ်၊ ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်များ၊ အချိန်ကာလသတ်မှတ်ချက်နှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များကို အကြမ်းဖျဉ်းရေးဆွဲလိမ့်မည်ဖြစ်သည်။ ယင်းလုပ်ငန်းမူဘောင်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အားလုံးအတွက် လမ်းပြမြေပုံတစ်ခု ဖြစ်လာလိမ့်မည်ဖြစ်သည်။ လုပ်ငန်းမူဘောင်ကို သဘောတူမှုအပေါ် မူတည်ပြီး တိုင်းရင်းသားပဋိပက္ခကို ဖြေရှင်းရန် နိုင်ငံလုံးဆိုင်ရာ သဘောတူညီချက်ဖော်ဆောင်ရေးအတွက် အားလုံးပါဝင်သည့် နိုင်ငံလုံးဆိုင်ရာဆွေးနွေးပွဲဖိုရမ်ကို ကျင်းပလိမ့်မည်ဖြစ်သည်။ သမ္မတ ကလည်း ယင်းအဆင့်သုံးဆင့်ကို မကြာမီကပြောကြားခဲ့သည့်မိန့်ခွန်းများ၌ အကြိမ်ကြိမ်ထည့်သွင်းပြောကြားခဲ့ပြီးဖြစ်သည်။ အကြိမ်ကြိမ် ပြောကြားခဲ့သည့် ယခင်အဆင့်သုံးဆင့်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် မိမိတို့၏ လိုလားချက်များကို လွှတ်တော်တွင် ဆွေးနွေးရန် နိုင်ငံရေးပါတီများအဖြစ်

အသွင်ပြောင်းရန်လိုအပ်မည်ဖြစ်သည်။ နိုင်ငံရေးအရအဖြေရှာရန် အစိုးရ၏ အဆင့်သစ်သုံးဆင့်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ယနေ့အချိန်အထိ ငြင်းပယ်ခြင်း၊ ထောက်ခံအတည်ပြုခြင်းမပြုကြသေးပေ။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ၂၀၁၆ တွင် တက်လာမည့်အစိုးရသစ်၏အသွင်ကူးပြောင်းမှုနှင့်ဆက်နွယ်သည့်အတွက် အချိန်အတိုင်းအတာသည် နောက်ထပ်ကိစ္စရပ်တစ်ခုဖြစ်သည်။ နောင်တက်လာမည့်အစိုးရသည် ယခုအစိုးရက အစပျိုးခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အမွေဆက်ခံရလိမ့်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏နောက်တက်လာမည့် သမ္မတ မည်သူဖြစ်လိမ့်မည်ကိုဆုံးဖြတ်ရာတွင် လူနည်းစုတိုင်းရင်းသားဒေသများမှမဲများက ပိုပြီးအရေးကြီးလာသည့်အတွက် ၂၀၁၅ အတွက် ရွေးကောက်ပွဲမဲဆွယ်မှုများသည်လည်း လတ်တလောငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် အနည်းနှင့်အများ အကျိုးသက်ရောက်မှုရှိလိမ့်မည် ဖြစ်သည်။ ယခုရွေးကောက်ပွဲသည် လူများစုဗမာများနှင့်စေ့စပ်ညှိနှိုင်းရန် အခွင့်အလမ်းတစ်ရပ်အဖြစ် အချို့တိုင်းရင်းသားအဖွဲ့များက ရှုမြင်ကြသည်။ သမ္မတလောင်းအားလုံးသည် ၂၀၁၆ နှစ်ဦးပိုင်းတွင် နောင်လာမည့်သမ္မတဖြစ်ရန် လွှတ်တော်တွင်လူနည်းစုတိုင်းရင်းသားဒေသများမှ ရွေးကောက်ခံ ကိုယ်စားလှယ်များ၏မဲကို လိုအပ်လိမ့်မည်ဖြစ်သောကြောင့် ၂၀၁၅ ခုနှစ်သည် အစိုးရ၊ အခြားသောသက်ဆိုင်သူများနှင့် စေ့စပ်ညှိနှိုင်းရန် အကောင်းဆုံးအခွင့်အလမ်း တစ်ရပ်အဖြစ် အချို့သောတိုင်းရင်းသားအဖွဲ့များက ရှုမြင်ကြသည်။ နောက်လာမည့်အစိုးရသည် ယခုအစိုးရထက် မဲဆန္ဒရှင်များ၏ကိုယ်စားပြုမှု ပိုရှိမည်ဖြစ်သောကြောင့် နောင်လာမည့်အစိုးရနှင့် စေ့စပ်ညှိနှိုင်းခြင်းက ပိုပြီးအကျိုးဖြစ်မည် ဟု အချို့သောတိုင်းရင်းသားအဖွဲ့များက ရိုးရိုးရှင်းရှင်းတွေးထင်ကြသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား မကြာသေးမီက စုပေါင်းအပေးအယူလုပ်ခဲ့သည်တိုင် ယခုငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုရှေ့ဆက်ရန် နှစ်ဖက်ခိုင်ခိုင်မာမာသဘောတူသည့် အချိန်ကာလ သတ်မှတ်ချက်ကို မရရှိသေးချေ။ ၂၀၁၆ မတိုင်မီ ယခုအစိုးရလက်ထက်အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ၎င်းတို့ရောက်ရှိလိုသည့် အများသဘောတူ မဟာဗျူဟာပန်းတိုင်လည်း ၎င်းတို့တွင် မရှိချေ။ လက်ရှိအစိုးရလက်ထက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မည်မျှအတိုင်းအတာကို အကောင်အထည်ဖော်နိုင်မည်ဆိုသည်မှာလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အတော်များများအတွက် ရေရေ ရာရာ မရှိပေ။ ၂၀၁၅ အလွန်တွင် နောင်လာမည့်အစိုးရလက်ထက်တွင် လုပ်ငန်းစဉ်ကို ၎င်းတို့မည်သို့ဆက်လက်ဖော်ဆောင်မည်ဆိုသည့် ခိုင်မာသောမဟာဗျူဟာလည်း ရှိပုံမပေါ်ပေ။ ယခုငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် ရှည်ကြာဖွယ်ရှိသည်ဟု ပဋိပက္ခဖြစ်နေကြသူ အားလုံးနားလည်ကြသည့်တိုင် တိုင်းပြည်၏ကာလကြာရှည်တိုင်းရင်းသားပဋိပက္ခများကိုဖြေရှင်းရန် ပိုမိုကောင်းမွန်သည့်အခြားနည်းလည်း ရှာမတွေ့ကြပေ။ လက်ရှိတိုးတက်မှုမှလည်း ၎င်းတို့ကနောက်ပြန်သွားလိုခြင်းမရှိကြပေ။ ထိုကာလအတွင်း မဝေးတော့သောအနာဂတ်တွင် နိုင်ငံလုံးဆိုင်ရာငြိမ်းချမ်းရေးသဘောတူညီချက်ကို ယုံကြည်

စိတ်ချစွာ အကောင်အထည်ဖော်ရန် မျှော်မှန်းနိုင်သည့်အချိန်အထိ အပစ်အခတ်ရပ်စဲရေး အားကောင်းရေးသည် အလွန်တရာအရေးကြီးလှပေသည်။

၂၀၁၄ ဧပြီလတွင်ကျင်းပခဲ့သည့် အစိုးရနှင့် NCCT ကြား ၄ ရက်ကြာ အစည်းအဝေးတွင် နှစ်ဖက်အကြား ဘုံတူညီချက်များ နှင့်ကွဲပြားချက်များကို ထုတ်ဖော်ထားသည့် တစ်ခုတည်းသောပထမဆုံးမူကြမ်း ထွက်ပေါ်ခဲ့သည်။ နောက်ထပ်စေ့စပ်ညှိနှိုင်းခြင်းအတွက် ၎င်းတို့၏ဆုံးဖြတ်ချက်ချရန် မဖြေရှင်းရသောသောကိစ္စရပ်များ ဆောင်ကျဉ်းလာရန် ၎င်းတို့လိုအပ်နေချိန်တွင် ယင်းပထမအဆင့်သည် နှစ်ဖက်စလုံးအတွက် အလွန်တရာအရေးကြီးသည်။ များစွာသောကိစ္စရပ်များကို နှစ်ဖက်စလုံးက မူအရသဘောတူခဲ့သည့်တိုင် ဝေါဟာရများနှင့် စကားလုံးရွေးချယ်မှုများကို ၎င်းတို့ဖြေရှင်းနိုင်ခြင်းမရှိပေ။ ယင်းအစည်းအဝေးကြောင့် မဖြေရှင်းရသေးသောကိစ္စရပ်များကို မတူညီသောရှုထောင့်မှ အခြားတစ်ဖက်က မည်သို့မြင်သည်ကို သိခွင့်ရခဲ့ကြသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် စေ့စပ်ညှိနှိုင်းခြင်းလုပ်ငန်းစဉ်တွင် မရေရာမှုများနှင့် နှောင့်နှေးကြန့်ကြာမှုများရှိသည့်ကြားမှပင် မြန်မာနိုင်ငံ၏ကာလကြာရှည် တိုင်းရင်းသားပဋိပက္ခကိုဖြေရှင်းရန် နိုင်ငံရေးဆွေးနွေးပွဲမှာ မလွဲမသွေပြုလုပ်ရမည်ကို အားလုံးကသဘောတူကြသည်။ သက်ဆိုင်သူအားလုံးသည် လာမည့်လုပ်ငန်းမူဘောင်အစည်းအဝေးအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏လမ်းပြမြေပုံဆွဲရန် သဘောတူညီချက်များရရှိနိုင်ခဲ့လျှင် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ၂၀၁၅ အလွန် ဆီသို့ ဆက်လက်လျှောက်လှမ်းရန် အခြေခံအုတ်မြစ်ခိုင်မာသွားလိမ့်မည်ဖြစ်သည်။

# ၆။ အကြံပြုချက်များ

- ရှေ့သို့ဆက်လက်လျှောက်လှမ်းရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်လက်မှတ်ထိုးရန် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ကွဲပြားခြားနားမှုများကို နှစ်ဖက်စလုံးက ကျော်လွှားသင့်သည်။
- ၂၀၁၄ နှစ်မကုန်မီ နိုင်ငံရေးဆွေးနွေးပွဲစတင်ရန် ရှင်းလင်းသော အချိန်ဇယားတစ်ခုကို နှစ်ဖက်စလုံးက သဘောတူညီသင့်သည်။
- တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘော တူညီချက်လက်မှတ်ရေးထိုးပြီးသည့်အခါ တစ်နိုင်လုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့တစ်ခုကို နှစ်ဖက်စလုံးက မြန်နိုင်သမျှ အမြန်ဆုံး အကောင်အထည်ဖော်သင့်သည်။
- တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်လက်မှတ်ရေးထိုးပြီးသည့်အခါ ထိန်းချုပ်နယ်မြေများ ပိုင်းခြားသတ်မှတ်ရေးကို နှစ်ဖက်စလုံးက အကောင်အထည်ဖော်သင့်သည်။
- ဆက်ဆံရေးနှင့် နယ်မြေတပ်မှူးများ ထိရောက်စွာဆက်ဆံနိုင်စေရန် ဆက်သွယ်ရေးလုပ်ငန်းစဉ်တစ်ခုဖြင့် ဆက်ဆံရေး လုပ်ငန်းများ အားကောင်းအောင်လုပ်ဆောင်သင့်သည်။
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ခိုင်မာအားကောင်းစေရန် ပဋိပက္ခကြိုတင်သတိပေးစနစ် တစ်ခု ထူထောင်သင့်သည်။
- နိုင်ငံလုံးဆိုင်ရာဆွေးနွေးမှု တရားဝင်မစတင်မီမှာပင် နိုင်ငံလုံးဆိုင်ရာ ဆွေးနွေးပွဲတွင် ဆွေးနွေးရန်အတွက် သတ်မှတ်ထားရ မည့်အကြောင်းအရာများနှင့်ဆက်စပ်သည့် အမျိုးမျိုးသော အဓိကကိစ္စရပ်များအပေါ် တိုင်ပင်ဆွေးမှုအပိုင်းများတွင် အားလုံးက တက်ကြွစွာပါဝင်သင့်သည်။
- တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုးပြီးသည့်အခါ အပစ်အခတ်ရပ်စဲရေးအကောင်အထည်ဖော်မှုနှင့် နိုင်ငံရေးဆွေးနွေးပွဲ ခိုင်မာအားကောင်းမှုကိုအထောက်အပံ့ဖြစ်စေရန် နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ရှင်းလင်းသောမဟာဗျူဟာတစ်ခု ထားရှိသင့်သည်။
- မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် စစ်ပွဲစီးပွားရေး၏ သက်ရောက်မှုများကို ထိရောက်စွာအနည်းဆုံးလျှော့ချနိုင်ရန် နိုင်ငံတကာအသိုင်းအဝိုင်းအပါအဝင် အဖွဲ့အားလုံးနှင့်သက်ဆိုင်သူအားလုံးသည် အစီအစဉ်တစ်ရပ်ကို ချမှတ်သင့်သည်။

| | United Nationalities Federation Council (UNFC) |
|---|---|
| Name and Logo | |
| Established Year | 16 Feburary 2011 |
| Office Location | Chiang Mai, Thailand |
| Background | The UNFC is the latest coalition of ethnic armed groups. The UNFC is a transformation of the former Committee for the Emergnece of Federal Union (CEFU) founded in November 2010. Currently the UNFC are advocating for talks with the government as a united ethnic front. |
| Member Organization | Kachin INdeendence Organization (KIO)<br>New Mon State Party (NMSP)<br>Shan State Army-North (SSPP/SSA-N)<br>Karen National Union (KNU)<br>Karenni National Progressive Party (KNPP)<br>Chin National Front (CNF)<br>Lahu Democratic Union (LDU)<br>Arakan National Council (ANC)<br>Pa-Oh National Liberation Organization (PNLO)<br>Ta-ang National Liberation Army (TNLA/PSLF)<br>Wa National Organization (WNO) |

| National Ceasefire Coordination Team (NCCT) | Working Group for Ethnic Coordination (WGEC) | |
|---|---|---|
| | | |
| 30 October 2013 | June 2012 | |
| First Conference was hold at Laiza, Kachin State, Myanmar (October 30- November 2, 2014) and Second Conference was hold at Lawkheeler, Kayin State, Myanmar in (20-25, January 2014) | Chiang Mai, Thailand | |
| First Conference was hold at Laiza, Kachin State, Myanmar (October 30- November 2, 2014) and Second Conference was hold at Lawkheeler, Kayin State, Myanmar in (20-25, January 2014) | The WGEC was conceived at a conference attended by ethnic armed groups that took place between Feb, 26, 28 2012; 6 months after President Thein Sein issued a formal invitation for peace talks. Leaders of 17 armed group were gathered at the meeting, 9 of which had already mad positive responses to the President's call. | |
| Arakan Liberation Party (ALP)<br>Arakan National Council (ANC)<br>Arakan Army (AA)<br>Chin National Front (CNF)<br>Democratic Karen Benevolent Army (DKBA)<br>Kachin Independence Organization (KIO)<br>Karenni National Progressive Party (KNPP)<br>Karen National Union (KNU)<br>KNU/KNLA (Peace Council)<br>Lahu DemocraticUnion (LDU)<br>Myanmar National Democratic Alliance Army (MNDAA)<br>New Mon State Party (NMSP)<br>Pa-Oh National Liberation Organization (PNLO)<br>PaLaung State Liberation Front (PSLF/TNLA)<br>Shan State Progressive Party (SSPP/SSA-N)<br>Wa National Organization (WNO) | Kachin Independence Organization (KIO)<br>New Mon State Party (NMSP)<br>Shan State Army-North (SSPP/SSA-N)<br>Karen National Union (KNU)<br>Karenni National Progressive Party (KNPP)<br>Chin National Front (CNF)<br>Lahu democratic Union (LDU)<br>Arakan National Council (ANC)<br>Pa-Oh National Liberation Organization (TNLA/PSLF)<br>Wa National Organization (WNO) | UNFC Members |
| | Restoration Council of Shan State (RCSS/SSA-S)<br>Democratic Karen Benevolent Army (DKBA)<br>KNU/KNLA (Peace Council)<br>Myanmar National Democratic Alliance Army (MNDAA)<br>Kayan New Land Party (KNLP)<br>Karenni Nationalities's People Liberation Front (KNPLF/BGF) | Non-UNFC Members |

# စာတမ်းရှင်အကြောင်း

**မင်းဇော်ဦး**

မင်းဇော်ဦးသည် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာနတွင် အပစ်အခတ်ရပ်စဲရေး စေ့စပ်ညှိနှိုင်းရေးနှင့် အကောင်အထည်ဖော်ရေးစီမံကိန်း ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျှက်ရှိသည်။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲ ၃၀ ကျော်နှင့် စေ့စပ်ညှိနှိုင်းရေး လုပ်ငန်းစဉ်တစ်ခုကိုဖော်ဆောင်လျှက်ရှိပြီး လတ်တလောတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် မူကြမ်းရေးဆွဲရန် စေ့စပ်ညှိနှိုင်းမှုများ တွင်ပါဝင်ဆောင်ရွက်နေသည်။ သူ၏ ပရော်ဖက်ရှင်နယ်လုပ်ငန်းမှာ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေ ကြိုတင်သတိပေးခြင်း လေ့လာဆန်းစစ်မှု နယ်ပယ်ဖြစ်ပြီး အမေရိကန်အစိုးရက ရန်ပုံငွေထောက်ပံ့သည့် စီမံချက်များတွင် လုပ်ကိုင်လျှက်ရှိသည်။ မင်းဇော်ဦးသည် အာဖဂန်နစ္စတန်တွင်လည်း အမေရိကန် စစ်တပ်၏ Human Terrain System နှင့် USAID ၏ ရွေးကောက်ပွဲစီမံချက် အပိုင်းများတွင်လည်းပါဝင်ဆောင်ရွက်လျှက်ရှိသည်။ ငြိမ်းချမ်းရေးလုပ်ငန်း စဉ်များကို အထောက်အပံ့ပြုရန် အစိုးရသစ်၏ ဖိတ်ခေါ်မှုဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်မီအထိ ပြည်ပနိုင်ငံများတွင် ၂၁ နှစ်ကြာနေထိုင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် ဂျော့ မေဆင်တက္ကသိုလ်မှ Conflict Analysia and Resolution ဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ (Ph.D.) ကိုရရှိခဲ့သည်။ Security Studies ဘာသာရပ်ဖြင့် ဘွဲ့လွန်ဘွဲ့ (M.A.) ကိုလည်း ဂျော့တောင်း တက္ကသိုလ်မှရရှိထားပြီး ဂျော့မေဆင်တက္ကသိုလ်မှပင် M.S. ဘွဲ့ကို Conflict Analysia and Resolution ရရှိခဲ့သည်။ B.A. ဘွဲ့ကို မေရီလင်းတက္ကသိုလ်မှ Public Relation ဘာသာရပ်၊ Government and Politics ဘာသာရပ် နှစ်ခုဖြင့် ရရှိခဲ့သည်။

# Swisspeace အကြောင်း

Swisspeace သည် ဆွစ်ဇာလန်နိုင်ငံ ဘန်း(Bern) မြို့တွင် ရုံးချုပ်အခြေစိုက်ထားသည့် action-oriented peace research institute တစ်ခုဖြစ်သည်။ ယင်း၏ရည်ရွယ်ချက်မှာ အကြမ်းဖက်ပဋိပက္ခများ ပျံ့နှံ့မှုကိုတားဆီး ကာကွယ်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော ပဋိပက္ခအသွင်ကူးပြောင်းရေး ဖြစ်ပေါ်စေရန်ဖြစ်သည်။

ပဋိပက္ခလေ့လာသုံးသပ်မှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနယ်ပယ်များတွင် အကောင်းဆုံးဌာနတစ်ခုနှင့် သတင်းအချက်အလက်ဌာန တစ်ခုအဖြစ် swisspeace က ခံယူသည်။ စစ်ပွဲနှင့် အကြမ်းဖက်ပဋိက္ခများ ဖြစ်ပေါ်ရသည့် အကြောင်းအရင်းများကို သုတေသနပြုခြင်း၊ တင်းမာမှုများကိုစောလျင်စွာ အသိအမှတ်ပြုရေးအတွင် နည်းနာများဖော်ဆောင်ခြင်းနှင့် ပဋိပက္ခလျှော့ချရေးနှင့် ငြိမ်းချမ်းရေးတည် ဆောက်ရေးမဟာဗျူဟာများဖော်ဆောင်ခြင်းတို့ကို ကျွန်ုပ်တို့လုပ်ဆောင်လျှက်ရှိသည်။ မိမိတို့၏ လေ့လာသုံးသပ်မှုများနှင့် အစီရင်ခံစာများဖြင့် ငြိမ်ချမ်းရေးနှင့် လုံခြုံရေးမူဝါဒတို့၏ လက်တလော ကိစ္စရပ်များအပေါ် သတင်းအချက်အလက်ဖလှယ်ခြင်းနှင့် ကွန်ရက်ချိတ်ဆက် ခြင်းတို့တွင် ပါဝင်လုပ်ဆောင်နေသလို အစည်းအဝေးများနှင့် ကွန်ဖရင့်များတွင်လည်း ပါဝင်ဆောင်ရွက်လျှက်ရှိသည်။ ဆွစ်ဇာလန်နိုင်ငံ တွင် အမှီအခိုကင်းပြီးလွတ်လပ်သော ငြိမ်းချမ်းရေးသုတေသနများတိုးပွားစေရန်ရည်သန်လျှက် ‘Swiss Peace Foundation’ ဟူသော အမည်ဖြင့် ၁၉၈၈ တွင် swisspeace ကိုထူထောင်ခဲ့သည်။ လက်ရှိအချိန်တွင် swisspeace တွင် ဝန်ထမ်း ၄၀ ခန့် တာဝန်ထမ်းဆောင်လျှက်ရှိသည်။ မိမိတို့ကိုအထောက်အပံ့ပေးသည့် အရေးကြီးဆုံးအဖွဲ့အစည်းများတွင် Swiss Federal Department of Foreign Affairs (FDFA) နှင့် Swiss National Science Foundation တို့ပါဝင်သည်။ မိမိ၏ လုပ်ငန်းများကို မိမိတို့၏ Support Association က ထည့်ဝင်ပေးခြင်းဖြင့် နောက်ထပ်အကူအညီဖြစ်စေသည်။ swisspeace နာယကအဖွဲ့မှာ နိုင်ငံရေး၊ သိပ္ပံပညာနှင့် အစိုးရအဖွဲ့ကိုယ်စားလှယ်များ ပေါင်းစည်းထားသည့် Foundation Council ဖြစ်သည်။

Swisspeace သည် ဘေဆယ်တက္ကသိုလ်၏ တွဲဖက်အင်စတီကျူဖြစ်ပြီး Swiss Academy of Humanities and Social Sciences (SAHS) ၏ အဖွဲ့ဖြစ်သည်။